ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁ရက်၊ တနင်္လာနေ့၊ (16-4-2007) (၅၂၉၄)



# နှစ်သစ်သင်္ကြန်မင်္ဂလာ ကောင်းမှုကုသိုလ် ဆည်းပူးပွားများ

နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းတွင် လူမျိုးတိုင်း မင်္ဂလာရှိစေချင်ကြသည်။ မင်္ဂလာယူကြသည်။ မင်္ဂလာ အခါတော်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ရှေးမြန်မာတို့သည် နှစ်သစ်မင်္ဂလာ အဖြာဖြာတို့တွင် ဗုဒ္ဓဘာသာတရားတော်အရ မင်္ဂလာအစစ်ဖြစ်သည့် ကုသိုလ်ရေးများကို ယှဉ်တွဲကာ သင်္ကြန်ပွဲ ဆင်နွှဲသည့် အစဉ်အလာကောင်းကို ဖန်တီးခဲ့ကြသည်။

မင်္ဂလာရှိသော နှစ်သစ်မင်္ဂလာသင်္ကြန်တော် အခါကာလများတွင် မြန်မာတို့သည် ကုသိုလ်ကောင်းမှု အစုစုကို ပြုလုပ်ကြသည်။ ဗုဒ္ဓရှင်တော်မြတ် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ်အခါ၌ ဒါန၊ သီလပြုသောကြောင့် ကုသိုလ်အထူးရပုံနှင့်စပ်လျဉ်း၍–

**ပုညဉ္စေ ပုရိသော ကယိရာ၊**

**ကယိရာနံ ပုနပ္ပုနံ။**

**တမှိ ဆန္ဒံ ကယိရာထ၊**

**သုခေါ ပုညဿ ဥစ္စယော။**

ဟူသော ဂါထာတော်ကို ဟောတော်မူခဲ့လေသည်။

ထိုဂါထာ၏အဓိပ္ပာယ်မှာ ဒါန၊ သီလ ကုသိုလ်ကောင်းမှုပြုသောသူသည် ထိုကောင်းမှုကို အဖန်ဖန်ပြုရာ၏။ ကောင်းမှုကုသိုလ်ပြုခြင်း၌ နှစ်သက်ဆန္ဒအားထုတ်ခြင်းဖြင့် လုံ့လပြုကြရ၏။ ထိုကောင်းမှုကို ပွားများစေခြင်းသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာလမ်းကောင်း ချမ်းသာခြင်းအစစ်ဖြစ်ပေသည်ဟူ၍ ဖြစ်သည်။

သို့ဖြစ်ရာ နှစ်သစ်မင်္ဂလာ သင်္ကြန်အခါသမယတွင် ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း၊ ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသည့် မွန်မြတ်သန့်စင်သော ကောင်းမှုဒါနကုသိုလ်တို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

ထို့ပြင် ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များကို နာကြားခြင်း၊ ဘာဝနာပွားများခြင်း စသည့် သီလဘာဝနာကုသိုလ်တို့ကို ထူးမြတ်သည့် သင်္ကြန်အခါသမယတွင်ပြုလုပ်ကြခြင်းဖြင့် 'သုခေါ ပုညဿ ဥစ္စယော' ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာလမ်းကောင်း ချမ်းသာခြင်း အကျိုးထူးများကို ရရှိကြမည်မှာ မလွဲကေန် အမှန်ပင်ဖြစ်ပေသည်။

ကြေးမုံ
The Mirror

## အေးချမ်းစည်ပင် မြန်ပြည်တစ်ခွင် ပျော်ရွှင်ဆင်နွှဲ ရေသဘင်ပွဲ

## မြန်မာ့ရိုးရာ မဟာသင်္ကြန် ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာအညွှန်း



❑ မြန်မာပြည်တစ်ဝန်း၌ နှစ်ဦးနှစ်သစ်သို့ ကူးပြောင်းတော့မည့် မင်္ဂလာရှိသော အခါသမယတွင် ပြည်သူအပေါင်းတို့သည် ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကုသိုလ် ကောင်းမှုပြုဖွယ်ပြုရာ အဖြာဖြာကို ဆောင်ရွက်လျက်ရှိနေကြသည်။

"နှစ်သစ်စိတ်သစ် အားမာန်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်"(ခေါင်းကြီး)စာမျက်နှာ–၂

❑ **"မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအလှ စေတနာသဒ္ဓါတရားအလှတို့ကိုဖော်ညွှန်းနိုင်သည်သာမက အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားမှုကိုပါ ပြသနိုင်"** သာရဝေါ်စိုးကြည်၏ **"ပျော်ပျော်ဆင်နွှဲ သင်္ကြန်ပွဲ"** (ဆောင်းပါး)စာမျက်နှာ–၆၊၇

❑ ထီယု၏ **"အတာကြိုထောက် ရွှေပိတောက်"** (ကဗျာ) စာမျက်နှာ–၂၀

### သင်္ကြန်အကြတ်နေ့ အထူးစည်ကား

မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့တွင် အေးချမ်းပျော်ရွှင် ကြည်နူးချမ်းမြေ့စွာ ရေကစားကြသူ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကား။

သတင်း

စာမျက်နှာ–၁၀



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၆–၄–၂၀၀၇
(တနင်္လာနေ့)

# နှစ်သစ် စိတ်သစ် အားမာန်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲမှုနှင့်အတူ နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ ကူးပြောင်း ရောက်ရှိတော့မည်ဖြစ်သည်။ သာယာချမ်းမြေ့ခြင်း၊ ကြည်နူးဝမ်းမြောက်ခြင်း စိတ်စေတနာတို့ဖြင့် အလှူရေစက် လက်နှင့်မကွာ အလှူဒါနကောင်းမှုများ ပြုခဲ့ကြပြီး၊ ပြုကြဆဲဖြစ်သည်။

မြန်မာပြည်တစ်ဝန်း၌ နှစ်ဦးနှစ်သစ်သို့ ကူးပြောင်းတော့မည့် မင်္ဂလာရှိသော အခါသမယတွင် ပြည်သူအပေါင်းတို့သည် ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုဖွယ်ပြုရာ အဖြာဖြာကို ဆောင်ရွက်လျက်ရှိနေကြသည်။

ထို့အပြင် သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ပူဇော်ကန်တော့ပွဲများ ကျင်းပလျက်ရှိသည်။ လူ့ဘဝ၏ အရွယ်သုံးပါးတွင် အခြားသူများ၏ ထောက်ပံ့ကူညီမှုအပေါ် မှီခိုရသည့်အရွယ် အဘိုးအဘွားများအား ပြုစုစောင့်ရှောက်လှူဒါန်း ပူဇော်ခြင်းသည် မွန်မြတ်သော လုပ်ငန်းတစ်ခုဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဂါရဝပြု ကုသိုလ်ယူလျက်ရှိကြသည်။

နှစ်သစ်နှစ်ဆန်းအချိန်အခါတွင် သဘာဝပတ်ဝန်းကျင်တစ်ခုလုံး လန်းဆန်းသစ်လွင်လျက်ရှိသည်။ မြန်မာပြည်သူ တစ်ရပ်လုံးသည် စိတ်ရောကိုယ်ပါ သန့်ရှင်းကြည်လင်၍ ကြည်သာချမ်းမြေ့လျက်ရှိကြသည်။

နိုင်ငံတော် အစိုးရက ယခုနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာ အနားယူအပန်းဖြေနိုင်စေရန်အတွက် သင်္ကြန်အကြိုနေ့မတိုင်မီတစ်ရက်မှစ၍ ဆယ်ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားရာ ဝန်ထမ်းများအားလုံး စိတ်အေးချမ်းသာစွာ အနားယူ၍ ကုသိုလ်ဘာဝနာတရားများ အားထုတ်နိုင်ကြပြီဖြစ်သည်။

မင်္ဂလာအပေါင်း ခညောင်းပြည့်စုံသော မြန်မာ့နှစ်ဦးနှစ်သစ်တွင် တိုင်းရင်းသားပြည်သူများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများက ကောင်းမြတ်သော စိတ်စေတနာ၊ တက်ကြွသော အားမာန်သစ်များဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လှိုင်သာယာမြို့နယ် ရေကစားမဏ္ဍပ်များ၌ ရေကစားသူများနှင့် ရေပက်ခံသူများ အထူးစည်ကားများပြား

ရန်ကုန် ဧပြီ ၁၅

**၁၃၆၈ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဖျော်ဖြေရေးဆုပေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်၌ ရေပက်ကစားသူများ၊ ရေပက်ခံသူများနှင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။**

### ကြိတ်ကြိတ်တိုးစည်ကား

အလားတူ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရွှေပြည်သစ် ရေကစားမဏ္ဍပ်၌ ရေကစားသူများနှင့် ရေပက်ခံသူများဖြင့်လည်းကောင်း၊ ရခိုင်ရိုးရာယဉ်ကျေးမှု ပန်းမြတ်သဇင် ရေကစားမဏ္ဍပ်၌ရေပက်ကစားသူများဖြင့်လည်းကောင်း၊ လှိုင်သာယာစက်မှုဇုန်(၅) စီမံခန့်ခွဲရေးကော်မတီ၏ ရေကစားမဏ္ဍပ်၌ ရေကစားကြသူများ၊ ရေပက်ခံသူများနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့်လည်းကောင်း၊ လှိုင်သာယာမြို့နယ် အဆင့်မြင့် (၅)ရပ်ကွက် ကျောက်မဲ ရေကစားမဏ္ဍပ်၌ ဖျော်ဖြေရေး အစီအစဉ်များ၊ ရေကစားကြသူများနှင့် ရေပက်ခံသူများဖြင့် လည်းကောင်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့အတူ (၃)ရပ်ကွက် ရေကစားမဏ္ဍပ်၊ (၇)ရပ်ကွက် နွေဦးကေရီ ရေကစားမဏ္ဍပ်၊ (၉)ရပ်ကွက် ရေကစားမဏ္ဍပ်၊ (၁၀)ရပ်ကွက် ရေကစားမဏ္ဍပ်၊(၁၁)ရပ်ကွက်၊ (၁၅) ရပ်ကွက်နှင့် (၁၈)ရပ်ကွက် ရေကစားမဏ္ဍပ်အသီးသီးတို့၌ ရေပက်ကစားကြသူများ၊ ရေပက်ခံသူများနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

### ကြည့်ရှုအားပေး

လှိုင်သာယာမြို့နယ်တွင် ကျင်းပလျက်ရှိသော မဟာသင်္ကြန်မဏ္ဍပ်များသို့ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေး ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ဧပြီ ၁၅ရက် သင်္ကြန်အကြတ်နေ့က လသာမြို့နယ် အနော်ရထာလမ်းနှင့် ၁၉လမ်းထောင့် မိသားစု ရေကစား မဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)




## ရေသဘင်ပွဲ ဆင်နွှဲ

မဟာသင်္ကြန် အကြတ်နေ့က မဟာဗန္ဓုလလမ်းရှိ ပိတောက်ရိပ် (၄၃)လမ်းမိသားစု ရေကစားမဏ္ဍပ်တွင် ရေပက်ခံကားများဖြင့် အတာရေသဘင်ပွဲ ဆင်နွှဲနေစဉ်။

(ကြေးမုံ)




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဒေါ်လှလှမြင့်အားရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာနေ ခင်ပွန်း ဦးဝင်းမြင့်နှင့် သားသမီးများဖြစ်ကြသော ဗိုလ်မှူးကြီးနေဝင်း–ဒေါ်ကြူကြူဝင်း၊ ဦးထွန်းထွန်းဝင်း–ဒေါ်ကေသီညွန့်၊ ဗိုလ်မှူးစိုးမြင့်ဦး–ဒေါ်စိမ်းလဲ့ဝင်းနှင့် မြေးတစ်စုက အလှူတော်ငွေကျပ် ၃၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## အချိန်အခါမဟုတ်မိုးရွာမည်

**နေပြည်တော် ဧပြီ ၁၅**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်အတူ ခေတ္တမျှ လေပြင်းများ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

## လောင်စာတွေကို ရှင်း၊ မီးဘေးအန္တရာယ်ကင်း

**ရန်ကုန်မြို့ သာကေတမြို့နယ် ရောဝဏ်လမ်း ရောဝဏ်ရိပ်သာနေ ဦးဝင်းနိုင်၊ ဒေါ်ခင်မာလာ မိသားစုတို့က ငွေပဒေသာပင်နှင့် ဘိုးဘွားများအား နံနက်စာ(အထူး)ကျွေးမွေးရန်အတွက်ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)



# ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ကုသရေး ကွန်ရက် အိုလံပစ်ပွဲတော်အမီ တရုတ်တွင် တည်ဆောက်မည်

**ပေကျင်း ဧပြီ ၁၄**

တရုတ်နိုင်ငံသည် ၂၀၀၈ခုနှစ် အိုလံပစ်ပွဲတော်အမီ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးကွန်ရက်ကို တည်ဆောက်မည်ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဧပြီ ၁၄ရက်တွင် ပြောကြားသည်။

ယခုနှစ်ကုန်ထက် နောက်မကျဘဲ ကူးစက်ရောဂါ ဝေဒနာရှင်များအား ကုသပေးနိုင်ရန် ဆေးရုံ၌ခုတင် ၁၃၅၀ ပြင်ဆင်ထားရှိမည်ဖြစ်ကြောင်း၊အိုလံပစ်ပွဲတော်အမီ ကူးစက်ရောဂါဝေဒနာရှင် ၅၀၀၀အထိ ကုသပေးနိုင်ရန် နေရာထိုင်ခင်းများ စီစဉ်ထားရှိမည်ဖြစ်ကြောင်း ပေကျင်းမြို့ရှိ ရောဂါ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာနက ပြောကြားသည်။

မြို့တော်ပေကျင်းရှိ ဒီတန်ဆေးရုံနှင့် ယူအန်းဆေးရုံတို့တွင် ကူးစက်ရောဂါ ကုသဆောင်များ တိုးချဲ့မည့်အပြင် နောက်ထပ်ဆေးရုံတစ်ရုံတွင် ကူးစက်ရောဂါကုသရေး အဆောင်များ ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ၎င်းအပြင် ဆေးရုံပေါင်း ၁၄၂ ရုံ၌ ကူးစက်ရောဂါ ဝေဒနာရှင်များအတွက်ပြင်ပလူနာဌာနများကိုတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

အိုလံပစ်ပွဲတော် ကာလအတွင်း ကူးစက်ရောဂါ ဖြစ်ပွားမှုမဖြစ်စေရေးအတွက် ဆေးဘက်ဆိုင်ရာ အဖွဲ့ ၁၉ဖွဲ့ကိုလေ့ကျင့်သင်တန်း ပေးလျက်ရှိကြောင်း အဆိုပါဗဟိုဌာနက ပြောကြားသည်။

ကူးစက်ရောဂါ တားဆီးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းထိရောက်စေရန် ကူးစက်ရောဂါဆိုင်ရာ သုတေသနဓာတ်ခွဲခန်း ၅၀ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကူးစက်မြန် ပြင်းထန် နမိုးနီးယားရောဂါ (ဆားစ်)နှင့် ကြက်ငှက်တုပ်ကွေးရောဂါတို့အပါအဝင် ကူးစက်ရောဂါအမျိုးမျိုးတို့ကို တားဆီး ကာကွယ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေး အာကဏာပိုင်များက ပြောကြားသည်။ ***အင်တာနက်***



**တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟောဖေးမြို့ဆေးရုံတစ်ရုံ၌ ကလေးတစ်ဦးအား ဦးနှောက်အမြှေးရောင်(ဘီ) ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။**

*ဓာတ်ပုံ–အင်တာနက်။*

## ဘဂ္ဂဒက်မြို့ ဈေးအတွင်းနှင့် ဘတ်စ်ကားပေါ်၌ ဗုံးပေါက်ကွဲ ၂၈ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၁၅

**အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ လူစည်ကားရာ ဈေးတစ်ဈေး၌ ဧပြီ ၁၅ရက်က ကားဗုံးနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ပထမဗုံး ပေါက်ကွဲခဲ့အပြီး ငါးမိနစ်အကြာတွင် ထပ်မံဗုံးပေါက်ကွဲခြင်းဖြစ်ပြီး လူ ၂၀သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

ဘဂ္ဂဒက် အနောက်တောင်ပိုင်းရှိ ဈေးအတွင်း ဗုံးပေါက်ကွဲခဲ့သည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ဘဂ္ဂဒက် အနောက်မြောက်ပိုင်းတွင် မီနီဘတ်စ်ကား တစ်စီးပေါ် ဗုံးပေါက်ကွဲခဲ့ရာ ရှစ်ဦးထက်မနည်း သေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့သည်။

### အမေရိကန် စစ်ရဟတ်ယာဉ်နှစ်စင်း ပျက်ကျ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဧပြီ ၁၅ရက် က အမေရိကန် စစ်ရဟတ်ယာဉ်နှစ်စင်း ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

တာဂျီမြို့၏ အနောက်တောင်ဘက် ကျေးလက်ဒေသတွင် နံနက်အစောပိုင်းက ရဟတ်ယာဉ် နှစ်စင်း ပျက်ကျခဲ့ကြောင်း၊ ဝေဟင်အတွင်း တိုက်မိရာမှ ရဟတ်ယာဉ်များ ပျက်ကျခဲ့ပုံရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။တာဂျီမြို့သည် ဘဂ္ဂဒက်မြောက်ဘက်တွင်တည်ရှိပြီး အမေရိကန်စစ်အခြေစိုက်စခန်း တည်ရှိသည်။

အီရတ်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီ ၂၀ရက်နောက်ပိုင်း အမေရိကန်စစ်ရဟတ်ယာဉ် ၁၂စင်း ပျက်ကျခဲ့သည်။ ရဟတ်ယာဉ် ပျက်ကျသည့်ဖြစ်စဉ်အများစုမှာ ပစ်ချခံရမှုကြောင့်ဖြစ်သည်။ **အင်တာနက်။**




**အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ ၃၄ နိုင်ငံမှ အမျိုးသမီးများ စက်ဘီးစီး၍ ပါဝင်လှုပ်ရှားကြစဉ်။**

*ဓာတ်ပုံ–အင်တာနက်။*



## မလေးရှားတွင် ဘီအမ်ဒဗလျူကားငယ်များ ထုတ်လုပ်

**ကွာလာလမ်ပူ ဧပြီ ၁၄**

မလေးရှားနိုင်ငံတွင် ဖွင့်လှစ်ထားသော ဘီအမ်ဒဗလျူကားစက်ရုံမှ ကားငယ်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ယင်းကားများကို ပိုမိုရောင်း ချသွားနိုင်မည်ဟု မျှော်လင့်ရကြောင်း ကုမ္ပဏီတာဝန်ရှိသူ တစ်ဦးက ဧပြီ ၆ရက်တွင် ပြောကြားသည်။

### ရောင်းချ

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ကားငယ်များဝယ်ယူသုံးစွဲသူဦးရေ တိုးတက်လာနေကြောင်း၊ မလေးရှားဈေးကွက်တွင်လည်း ကားငယ်များရောင်းချရမှု တိုးတက်လာမည်ဖြစ်ကြောင်း ဘီအမ်ဒဗလျူမလေးရှားကုမ္ပဏီအကြီးအကဲ ဗီဂျာယာရာတာနန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံရှိ ဘီအမ်ဒဗလျူကားစက်ရုံသုံးရုံတွင် မော်တော်ယာဉ် ထုတ်လုပ်မှုစနစ်ကို ပြင်ဆင်ပြောင်းလဲခဲ့ကြောင်း၊ ယာယီအားဖြင့် မော်တော်ယာဉ် ထုတ်လုပ်မှုစွမ်းပကားကို ထိခိုက်ခဲ့ကြောင်း၊ သို့ရာတွင် အာရှဈေးကွက်တွင် ဘီအမ်ဒဗလျူကားများ ပိုမိုထိုးဖောက် လာနိုင်စေရန် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ကုမ္ပဏီက ပြောကြားသည်။ ဘီအမ်ဒဗလျူကားစက်ရုံသည် ကားငယ်အမျိုး အစားသစ်များကို တီထွင်ထုတ်လုပ်သွားမည်ဖြစ်သည်။

### ထုတ်လုပ်

ဘီအမ်ဒဗလျူကားကုမ္ပဏီသည် ဂျာမနီနိုင်ငံအခြေစိုက် မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်ပြီး ၁၉၁၆ခုနှစ်တွင် စက်ရုံကို စတင်ထူထောင်ခဲ့သည်။ မူလ ထူထောင်ခဲ့စဉ်က လေယာဉ်အင်ဂျင်စက်များကို ထုတ်လုပ် ပေးခဲ့သည်။ ၁၉၂၀ ပြည့်လွန်နှစ်များမှစ၍ မော်တော်ဆိုင်ကယ်များ ထုတ်လုပ်လာခဲ့ပြီး BMW ဟူသော အမှတ်တံဆိပ်ကို ကျယ်ကျယ် ပြန့်ပြန့်သုံးစွဲလာသည်။ ဘီအမ်ဒဗလျူဟူသော ဝေါဟာရသည် ဂျာမန်ဘာသာစကားအရ (Bayerishe Motoren Werke) ကို အတိုကောက်ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ***အင်တာနက်။***

## ပေကျင်းနှင့် မြို့ကြီးခြောက်မြို့သို့ ကျည်ဆန်ရထားပြေးဆွဲမည်

**ပေကျင်း ဧပြီ ၁၄**

တရုတ်နိုင်ငံမြို့တော် ပေကျင်းနှင့် မြို့ကြီးခြောက်မြို့သို့ ဧပြီ ၁၈ ရက်မှစ၍ အမြန်ကျည်ဆန်ရထား ပြေးဆွဲမည်ဖြစ်ကြောင်း ဒေသခံ ဖတ်စ်ဒေးလီး သတင်းစာက ဖော်ပြသည်။

ကျည်ဆန် အမြန်ရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀မှ ၂၅၀နှုန်းအထိ ပြေးဆွဲမောင်းနှင်မည်ဖြစ်ပြီးပေကျင်း၊ရှန်ဟိုင်း၊ဝူဟန်၊ရှန်ယန်း၊ ချင်ချန်း၊ ဟာဘင်နှင့်ကွင်ဒို မြို့တို့သို့ ဆက်သွယ်ပြေးဆွဲမည်ဖြစ်သည်။

ယင်းအမြန်ရထား ပြေးဆွဲခြင်းကြောင့် ခရီးစဉ်များအတွင်း ကြာညောင်းချိန်ကို ပျမ်းမျှအားဖြင့် နှစ်နာရီ သက်သာသွားစေသည်။ ရှန်ဟိုင်းနှင့် ပေကျင်းခရီးစဉ်သည် ပျမ်းမျှအားဖြင့် ၁၀နာရီ ကြာမြင့်သည်။

### ဝယ်ယူနိုင်

လက်ရှိပြေးဆွဲနေသော အမြန်ရထား၏ ပြေးဆွဲနှုန်းသည် တစ်နာရီလျှင် ၁၁၅ကီလိုမီတာသာ ရှိသည်။ ကျည်ဆန်ရထား၏ ရထားခနှုန်းထားသည် အမြန်ရထားခထက် ၅၀ရာခိုင်နှုန်း ပိုမိုများပြားသည်။ ခရီးသည်များ အနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် သက်ဆိုင်ရာ ဘူတာများ၌ ရက် ၂၀ ကြိုတင်၍ ဝယ်ယူနိုင်ကြောင်း သတင်းက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ရထားများသည် ၁၉၉၇ခုနှစ်က တစ်နာရီလျှင် ကီလိုမီတာ ၆၀နှုန်းဖြင့်သာပြေးဆွဲခဲ့ သည်။ ထို့နောက်ပိုင်းတွင် ရထားများ၏ အမြန်နှုန်းကို တိုးမြှင့် ပြေးဆွဲရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ရေအရင်းအမြစ်ဆိုင်ရာ အစီရင်ခံစာ ဗီယက်နမ်အစိုးရ ထုတ်ပြန်

**ဟန္နိုင်း ဧပြီ ၁၄**

ဗီယက်နမ်သဘာဝအရင်းအမြစ်များ နှင့် သဘာဝပတ်ဝန်းကျင်ဌာနသည် ရေအရင်းအမြစ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာ တစ်စောင်ကို ပထမအကြိမ် ထုတ်ပြန်လိုက်ကြောင်း စနေနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

များပြားသည့်မြစ်များမှ ရေအရည်အသွေး အထူးသဖြင့် မြို့ပြဒေသများ တစ်လျှောက်စီးဆင်းလာသည့်မြစ်များ၏ ရေအရည်အသွေး၊ စက်မှုဇုန်နှင့် လက်မှုလုပ်ငန်း ထွန်းကားသည့် ဒေသများရှိ ရေအရည်အသွေးတို့ ကျဆင်းနေကြောင်း၊ ၂၀၀၆ခု ဗီယက်နမ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာ ပြုစုခြင်းဖြင့် ရေထုညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ဒုတိယဝန်ကြီး ဖန်ခွိုင်ငုယင်က အစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားတွင် ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**



**ဆွစ်ဇာလန်နိုင်ငံ ဘာဆယ်လ်မြို့ နာရီပြပွဲတွင် ပြသထားသည့် နာရီများကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။**

*ဓာတ်ပုံ–အင်တာနက်။*



# ဆောင်းခိုငှက်များထိန်းသိမ်းရေး တောင်ကိုရီးယားနှင့်တရုတ် သဘောတူညီ

**ဆိုးလ် ဧပြီ ၁၄**

တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် ဆောင်းခိုငှက်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို ဧပြီ ၁၄ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း တောင်ကိုရီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး ဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ဆောင်းခိုငှက်များထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သဘောတူညီချက်ကို ၁၉၉၄ခုနှစ် တွင် ရုရှားနိုင်ငံနှင့်လည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် ဩစတြေးလျနိုင်ငံနှင့်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

ဆောင်းခိုငှက်များသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကျက်စားသော ငှက်များဖြစ်သည်။ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် ဆောင်းခိုငှက်များအား ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းငှက်များ ကျက်စားနေထိုင်ရာနေရာများကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် ငှက်များ၏ ရှင်သန်နိုင်မှု တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ သဘောတူညီချက်အရ ဆောင်းခိုငှက်မျိုးစိတ် ၃၃၇မျိုးကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်သည်။ **အင်တာနက်။**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကလေးများ ကိုရီးယားရိုးရာလက်ဖက်ရည်ပွဲ တည်ခင်းနည်းသင်ယူနေကြသည်ကို ဧပြီ၁၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နေစကြဝဠာပြင်ပရှိ ဂြိုဟ်တစ်လုံးတွင်ရေတည်ရှိ

**ဖလက်စတပ်ဖ် ဧပြီ ၁၄**

နေစကြဝဠာပြင်ပရှိ ဂြိုဟ်တစ်လုံးတွင် ရေတည်ရှိသည့်အထောက်အထားကို ပထမဆုံးအကြိမ် တွေ့ရှိရကြောင်း အမေရိကန်နက္ခတ္တဗေဒပညာရှင်တစ်ဦးက ဧပြီ ၁၄ရက်တွင် ပြောကြားသည်။

နေစကြဝဠာပြင်ပရှိ ဂြိုဟ်တစ်လုံးတွင် ရေရှိပါက ယင်းဂြိုဟ်တွင် သက်ရှိများနေထိုင်နိုင်ခြင်း ရှိ၊ မရှိ သိပ္ပံပညာရှင်များက လေ့လာရန် စိတ်အားထက်သန်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဖလက်စတပ်ဖ်မြို့ရှိ လိုဝဲလ် နက္ခတ္တဗေဒလေ့လာရေးစခန်းမှ နက္ခတ္တဗေဒပညာရှင်ထရာဗစ်ဘာမန်ကပြောကြားသည်။ **အင်တာနက်။**

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

# တရုတ်နှင့်ရုရှား အင်္ဂါဂြိုဟ် လေ့လာမည်

**ပေကျင်း ဧပြီ ၁၄**

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် အင်္ဂါဂြိုဟ်နှင့် ယင်းဂြိုဟ်၏အရံဂြိုဟ်များကို ၂၀၀၉ခုနှစ်တွင် ပူးတွဲလေ့လာသွားမည်ဖြစ်ကြောင်း ဧပြီ ၁၄ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။ တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အာကာသရေးရာ စူးစမ်းလေ့လာမှုများကို ပြုလုပ်ရာ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြသည်။ ရုရှားဒုံးပျံယာဉ်အသုံးပြု၍ တရုတ်နိုင်ငံလုပ် ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ပေးရန်လည်းကောင်း၊ အင်္ဂါဂြိုဟ်နှင့် ယင်းဂြိုဟ်၏ အရံလများအနက် အကြီးဆုံးလဖြစ်သည့် (Phobos) တို့ကို လေ့လာရာတွင်လည်းကောင်း ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသ စီမံခန့်ခွဲရေးအဖွဲ့၏ ပြောကြားချက်ကို ကိုးကားလျက် ချိုင်းနားဒေလီ သတင်းစာက ရေးသား ဖော်ပြသည်။ **အင်တာနက်။**

# ကာဘာလာမြို့ ဘတ်စ်ကားဂိတ်တွင် ကားဗုံးပေါက်ကွဲ လူ ၅၀ သေဆုံးပြီး ၂၂၄ ဦး ဒဏ်ရာရရှိ

ကာဘာလာ ဧပြီ ၁၅

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ လုံခြုံရေးထူထပ်စွာချထားသော အစိမ်းရောင်နယ်မြေအတွင်းရှိ ပါလီမန်အဆောက်အအုံဝင်းအတွင်း ဧပြီ ၁၂ရက်က အသေခံဗုံးခွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဘဂ္ဂဒက် အနောက်ဘက် ကီလိုမီတာ ၁၁၀ (မိုင် ၇၀) အကွာရှိ ကာဘာလာမြို့တွင် ဧပြီ ၁၄ရက်က ဘတ်စ်ကား ဂိတ်တစ်နေရာ၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၅၀ သေဆုံးပြီး ၂၂၄ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

## သေဆုံးသူ ရှစ်ဦးမှာ ကလေးများဖြစ်

ယင်းကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများအနက် ရှစ်ဦးမှာ ကလေးများဖြစ်ကြောင်း ကာဘာလာ ကျန်းမာရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဆာလင်းခါဟင်းက ပြောကြားသည်။

ဈေးဆိုင်များဖြင့် စည်ကားသည့် နေရာအနီးတွင် ကားဗုံးပေါက်ကွဲခဲ့ရာတွင် ဒဏ်ရာရသူ ၂၂၄ဦးမှာ အမျိုးသား ၁၃၈ဦးနှင့် အမျိုးသမီး ၈၆ဦး ဖြစ်ကြောင်း၊ ဒဏ်ရာရသူများတွင် အီရန် ဘုရားဖူး ငါးဦးလည်း ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

ကာဘာလာမြို့သည် ကမ္ဘာတစ်ဝန်းမှ လာရောက်သည့် ရှီးယိုက်ဘုရားဖူးများဖြင့် စည်ကားရာ မြို့ဖြစ်သည်။ ***အင်တာနက်။***

# ထိုင်းနိုင်ငံ၌ ဆွန်ကရန်ရေသဘင်ပွဲတော်ဆင်နွှဲ ဧပြီ၁၁ရက်မှ ၁၄ရက်အထိ ယာဉ်မတော်တဆမှုများကြောင့် လူ ၂၃၆ ဦး သေဆုံး၊ ၃၁၈၂ ဦး ဒဏ်ရာရရှိ

**ဗန်ကောက် ဧပြီ ၁၅**

ထိုင်းနိုင်ငံနှစ်သစ်ကူးကာလယာဉ်မတော်တဆဖြစ်မှုအန္တရာယ်အများဆုံးရက် သတ္တပတ်၏ ပထမလေးရက်အတွင်း နိုင်ငံတစ်ဝန်း၌ လူ၂၃၆ဦးသေဆုံးပြီး ၃၁၈၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့(တနင်္ဂနွေနေ့)တွင် ဒေသမီဒီယာတစ်ခုအရ သိရသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုများမှာ မူးယစ်သောက်စားပြီး ယာဉ်မောင်းနှင်မှု၊ သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်၍ ယာဉ်မောင်းနှင်မှုတို့ကြောင့် ဖြစ်ပွားရကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးကပြောကြားသည်။

## အများအပြားသေဆုံး

ဧပြီ၁၄ရက်(စနေနေ့)တစ်ရက်တည်းမှာပင် ယာဉ်တိုက်မှု၇၈၆မှုဖြစ်ပွားကာလူ ၆၇ဦးသေဆုံးပြီး ၈၈၆ဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနေးရှင်းသတင်းစာတွင်ဖော်ပြထားသည်။ ဧပြီ၁၁ရက်(ဗုဒ္ဓဟူးနေ့)မှ ဧပြီ၁၄ရက်အထိ ယာဉ်မတော်တဆမှုများကြောင့် အများအပြားသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြရသည်။

ထိုင်းဆွန်ကရန်သင်္ကြန်ပွဲတော်ရက်များမှာ ဧပြီ၁၃ရက်က စတင်သော်လည်း အစိုးရက လူအသေအပျောက်ရေတွက်မှုကို ဧပြီ ၁၁ရက်ကပင် စတင်ခဲ့သည်။

## ယာဉ်တိုက်မှုအများဆုံးဒေသ

ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့် ဒေသများမှာ နိုင်ငံမြောက်ပိုင်း ပစ်ဆန်နုလော့ပြည်နယ်နှင့်နိုင်ငံ အရှေ့မြောက်ပိုင်း နာခွန်ရက်ချာစီမာပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

ဆွန်ကရန်ရေသဘင်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုများ နည်းပါးစေရေးအတွက် အစိုးရက အစီအစဉ်များ ချမှတ်ဆောင်ရွက်လင့်ကစားယာဉ်မတော်တဆမှုများ များပြားနေဆဲဖြစ်ကြောင်း၊ အများစုမှာ မော်တော်ဆိုင်ကယ် မတော်တဆမှုများဖြစ်ကြောင်း သိရှိရပြီး ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် လူရာနှင့်ချီ၍ နှစ်စဉ်သေဆုံးမြဲဖြစ်သည်။ ***အင်တာနက်။***



**ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့၌ ကျင်းပသည့် ခေတ်ဟောင်းကားများပြပွဲတွင် ပြသထားသော ၁၉၂၆ခုနှစ်ထုတ် ဖို့ဒ်အမျိုးအစား ကားတစ်စီးကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မော်လ်ဒိုက်ကျွန်းတွင် အပန်းဖြေကမ်းခြေသစ်ဖွင့်

**နာလာဒူး ဧပြီ ၁၄**

မော်လ်ဒိုက်ကျွန်းနိုင်ငံတွင် အပန်းဖြေ ကမ်းခြေသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၄ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

မော်လ်ဒိုက်ကျွန်းနိုင်ငံသည် ကမ္ဘာ့အပူပိုင်းဒေသ အပန်းဖြေစခန်းများအနက် အကောင်းဆုံး အပန်းဖြေစခန်းများ တည်ရှိရာနိုင်ငံဖြစ်သည်။

အပန်းဖြေစခန်းသစ်သည် မော်လ်ဒိုက်နိုင်ငံ၏ နာလာဒူးကျွန်းပေါ်တွင် တည်ရှိသည်။ အဆိုပါအပန်းဖြေစခန်းတွင် ဇိမ်ခံဟိုတယ်အဆင့်အတန်းရှိ နေအိမ် ၁၉လုံး တည်ဆောက်ထားသည်။ ရှုမငြီးဖွယ်ရာ ဗိသုကာလက်ရာပုံစံများဖြင့် အပန်းဖြေစခန်းကို တည်ဆောက်ထားကာကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည်။ **အင်တာနက်။**

# ကပ္ပလီကျွန်းစု၌ ရေတွင်းဟောင်းများ ဖော်မည်

**နယူးဒေလီ ဧပြီ ၁၄**

ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ်လာရောက်လေ့ရှိသည့် ကပ္ပလီကျွန်းစုတွင် ရေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်စေရန် ဒုတိယကမ္ဘာစစ်ကာလက တူးဖော်ခဲ့သည့်ရေတွင်းဟောင်းများကို ပြန်လည်ဖော်မည်ဖြစ်ကြောင်း ဧပြီ ၁၂ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်များအတွင်း ကပ္ပလီကျွန်းစုသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ကျဆင်းခဲ့သည်။ အကြောင်းမှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာလက ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့မှုကြောင့်ဖြစ်သည်။ တစ်ဖက်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ရာ ကပ္ပလီကျွန်းစု၏ ဝေးလံသီခေါင်သော မြို့လေးများတွင် ရေရှားပါးမှုများဖြစ်ပေါ်ခဲ့သည်။

ကပ္ပလီကျွန်းစုသည် ရေရှားမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များလာရောက်မှု လျော့နည်းသွားခြင်းမရှိစေရန် ရေအရင်းအမြစ်သစ်များကို ဖော်ထုတ်ရန် မိမိတို့စဉ်းစားခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလက အသုံးပြုခဲ့သည့် ရေတွင်းဟောင်းများကို ပြန်လည်ဖော်ထုတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကပ္ပလီကျွန်းစု၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန အကြီးအကဲ ခရစ္စနား ရှာရန်ဆင်းက ပြောကြားသည်။ ၁၉၄၀ပြည့်လွန် ဆယ်စုနှစ်လယ်ကာလက ဂျပန်တပ်ဖွဲ့က တူးဖော်ခဲ့သည့် ရေတွင်းဟောင်းများကို မိမိတို့ပြန်လည် ဆယ်ယူလျက်ရှိကြောင်း ၎င်းကပြောကြား သည်။၁၉၄၂ခုနှစ်မှ ၁၉၄၅ခုနှစ်အထိ ကပ္ပလီကျွန်းစုကို ဂျပန်တပ်ဖွဲ့က သိမ်းပိုက်ထားချိန်ကာလအတွင်း ရေတွင်းပေါင်း ၁၉၁တွင်းထက်မနည်း တူးဖော်ခဲ့သည်။ ရေတွင်းအများစုမှာ ယနေ့ကာလထက်တိုင်အောင်ပင် ကောင်းမွန်နေဆဲဖြစ်သည်။ ***အင်တာနက်။***

# မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်းကမ်းနှင့်အညီ ဆက်လက်ဆင်နွှဲ မလိုလားအပ်သော အနိဋ္ဌာရုံများ မဖြစ်ပေါ်စေရေး

## သက်ဆိုင်ရာက ထပ်မံ သတိပေးနှိုးဆော်

ရန်ကုန် ဧပြီ ၁၅

**မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ရက် (၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်)မှ စတင်၍ အမျိုးသားရေးစရိုက်လက္ခဏာများဖြင့် ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော အနိဋ္ဌာရုံများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသော်လည်း သင်္ကြန်အကြိုနေ့က ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၌ ယာဉ်မတော်တဆမှု တစ်မှုစီရှိခဲ့ပြီး ခိုက်ရန်ဖြစ်ပွားမှု အနေဖြင့် နေပြည်တော်၌ တစ်မှု၊ ရန်ကုန်တိုင်း၌ တစ်မှု၊ ပဲခူးတိုင်း၌ နှစ်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တစ်မှုရှိခဲ့ကြောင်း။

သင်္ကြန်အကျနေ့တွင် မန္တလေးတိုင်းနှင့် မကွေးတိုင်း၌ ယာဉ်မတော်တဆမှု တစ်မှုစီရှိခဲ့ပြီး ခိုက်ရန်ဖြစ်ပွားမှုမှာ မန္တလေးတိုင်း၌ လေးမှု၊ မကွေးတိုင်း၌ တစ်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တစ်မှုရှိခဲ့ကြောင်း။

**ထပ်မံသတိပေး နှိုးဆော်ထား**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယာဉ်မတော်တဆမှု လေးမှု၊ ခိုက်ရန်ဖြစ်ပွားမှု ၁၁ မှု ရှိခဲ့ပြီး သေဆုံးသူတစ်ဦး၊ ဒဏ်ရာရရှိသူ ၁၇ ဦးရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ကျန်ရှိသော နှစ်သစ်ကူးသင်္ကြန်ရက်ကို သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြပါရန် သက်ဆိုင်ရာက ထပ်မံသတိပေး နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာ့ယဉ်ကျေးမှုသင်္ကြန်**

- * အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- * သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- * အမျိုးဂုဏ်၊ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်၊ ဂက်စ်ဘူးဖြင့်ကစားက**

၁။ လက်ဝယ်တွေ့ရှိသူ –ထောင်(၁)နှစ်
၂။ ကစားသူ –ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ –ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**သတိ**

သင်္ကြန်ကာလအတွင်း အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများမပြုလုပ်ရန် တားမြစ်သည်။

**ရန်ကုန်တိုင်း မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ**

# မဟာသင်္ကြန် အကြတ်နေ့ ရန်ကုန်မြို့တွင် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲဆင်နွှဲ



**မဟာသင်္ကြန်အကြတ်နေ့က ဗိုလ်တထောင်စေတီတော်တွင် ပြည်တွင်းမှ ဘုရားဖူးများ လာရောက်ကုသိုလ်ပြုကြသကဲ့သို့ ကမ္ဘာ့လှည့်ခရီးသည်များလည်း ဤသို့ လာရောက်ကုသိုလ်ပြုကြသည်ကို တွေ့ရစဉ်။**
ဓာတ်ပုံ–ငွေးအောင်(ကြေးမုံ)



**မဟာသင်္ကြန်အကြတ်နေ့က ကမ္ဘာအေးစေတီလမ်းရှိ ပိတောက်ရိပ် ရေကစားမဏ္ဍပ်တွင် လူငယ်လေးများ မြန်မာ့ရိုးရာဝတ်စားဆင်ယင်၍ ရေကစားကြစဉ်။** (သတင်းစဉ်)

**မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမြွှာရုံကြီးတွင် မေတ္တာဗျူဟာအဖွဲ့မှ အကြိမ်(၂၀)မြောက် သင်္ကြန်တွင်း အသံမစဲ မေတ္တာပွားများပွဲ ကျင်းပစဉ်။**
(ဓာတ်ပုံ–ငွေးအောင်၊ ကြေးမုံ)



**မဟာသင်္ကြန်အကြတ်နေ့က ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနှင့် (၄၈)လမ်းထောင့်ရှိ မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။**
(သတင်းစဉ်)



# ပျော်ပျော်ဆင်နွှဲ သင်္ကြန်ပွဲ

သာရဝေါစိုးကြည်



တစ်ဆယ့်နှစ်ရာသီပွဲတော်များအနက် တန်ခူးလတွင် ကျင်းပသော နှစ်သစ်ကူး မြန်မာ့သင်္ကြန်ပွဲတော်သည်ပျော်စရာအကောင်းဆုံးနှင့် အစည်ကားဆုံး ပွဲတော်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကို မြို့ကြီးပြကြီးမှသည် ကျေးလက်တောရွာဇနပုဒ်အထိ ကျင်းပကြပါသည်။

ပုဂံခေတ်မှသည် မျက်မှောက်ခေတ်အထိ နှစ်ပေါင်း ၁၀၀၀ ကျော်မျှ အစဉ်အလာမပျက် ကျင်းပခဲ့သော ပွဲတော်လည်းဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု ဘောင်အတွင်းမှ မြန်မာ့သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြရပါမည်။

မြန်မာစာ မြန်မာမှုအရ တန်ခူးလကို မိဿရာသီဟု ခေါ်ပါသည်။ လမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်းတောက်ပသော နက္ခတ်သည် စိတြနက္ခတ်ဖြစ်၍ တံငါတာရာမှာလည်းယှဉ်၍ထွန်းလင်းနေသည်။ မြန်မာတို့ရာသီရုပ်အမှတ်အသားအရ ဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းက ကံ့ကော်ပန်းဖြစ်၍ ရာသီပွဲတော်ကား သင်္ကြန်ပွဲ ဖြစ်သည်။ စိတြနက္ခတ်သည် ပုလဲ(သို့မဟုတ်) ကျေးခေါင်းပုံသဏ္ဌာန်ရှိသည်။ နေ့တာညဥ့်တာတူညီသောလဖြစ်သည်။ ရှေးခေတ်မြန်မာတို့၏ စံတော်ချိန် သတ်မှတ် ချက်အရ နေ့မွန်းတည့် သုံးဖဝါးရှိသောလဖြစ်သည်။

တန်ခူးလဟူသော ဝေါဟာရတွင် **“တန်”**ပုဒ်သည် ပါဠိဘာသာ **“တာလ”** ပုဒ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ တာလပုဒ်က **“ထန်း”**ဟု အဓိပ္ပာယ်ရသည်။ ထန်းမှ တန်းဖြစ်လာသည်။ **“ခူး”**ပုဒ်သည် ဆွတ်ခြင်း၊ ခြွေခြင်းဖြစ်သည်။ သို့အတွက် တန်ခူးလဆိုသည်မှာ ထန်းပင်မှ ထန်းသီး၊ ထန်းခိုင်များ ဆွတ်ခြွေသော လ ဖြစ်သည်ဟု မြန်မာပညာရှိ ဦးဖိုးလတ်က **“မြန်မာလအမည်များ”**ကျမ်းစာအုပ်တွင် ရှင်းလင်းရေးသားထားပါသည်။

ထန်းတစ်ပင်လုံးသည် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းအဖြစ် မြန်မာ့လူ့အဖွဲ့အစည်းကို အကျိုးပြုခဲ့၍ အကျိုးပြုနေဆဲလည်းဖြစ်သည်။ ထန်းလျက်ခဲကို အစာကြေဆေးအဖြစ် ညစာထမင်းစားအပြီးတွင် စားကြသည်။ မြန်မာတိုင်းရင်းဆေး ဒူလာရောဂါ ပျောက်ဆေး ဖော်စပ်ရာတွင် အသုံးပြု၍ အမျိုးသမီးများ မီးယပ်သွေးထိမ်ပါက ချင်းနှင့် ကျိုသောက်ကြသည်။မြန်မာမုန့်မျိုးစုံတွင် ထန်းလျက်ခဲကိုအသုံးပြုကြသည်။

ထန်းရွက်ကိုထန်းရွက်ပုတီး၊ ထန်းရွက်ဦးထုပ်အဖြစ် အသုံးပြုကြ၍ ထန်းခေါက်ကို ထန်းခေါက်ဖာ၊ ထန်းခေါက်တောင်းအဖြစ်ရက်လုပ်အသုံးပြုကြသည်။ ထန်းလက်ကိုတဲအမိုး၊ တဲအကာအဖြစ်အသုံးပြုသည်။ ထန်းပင်စည်ကိုတံတားအဖြစ်လည်းခင်းကြသည်။ အိမ်တိုင်ခြံတိုင် အဖြစ်လည်း ခွဲစိတ်အသုံးပြုကြသည်။ အသုံးဝင်လှသော ထန်းပင်ကိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ နှစ်ဦးကာလအမည်ကို တန်ခူးလဟု ခေါ်ဝေါ်သတ်မှတ်ခြင်း ဖြစ်နိုင်ဖွယ်ရာရှိပါသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် **“သင်္ကြာန္တ”**ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု ဝေါဟာရတ္ထ ပကာသနီကျမ်းနှင့် ဝေါဟာရလိနတ္ထဒီပနီကျမ်းတို့တွင် ဖွင့်ဆိုထားသည်။ အချို့သော ပညာရှင်များက **“သင်္ကန္တ”**ဟူသော ပါဠိဘာသာမှဆင်းသက်လာသော ဝေါဟာရဖြစ်သည်ဟုဆိုပါသည်။ သင်္ကြန်ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဖြစ်သဖြင့် နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းခြင်း အဓိပ္ပာယ်ပင်ဖြစ်သည်။

**မဟာသင်္ကြန်အကြတ်နေ့က လသာမြို့နယ် အနော်ရထာလမ်း တစ်လျှောက် ရေပက်သူများနှင့် ရေပက်ခံမော်တော်ကားများ စည်ကားစွာ တွေ့ရစဉ်။** (သတင်းစဉ်)



## အေးချမ်းစည်ပင် မြန်ပြည်တစ်ခွင် ပျော်ရွှင်ဆင်နွှဲ ရေသဘင်ပွဲ



**မဟာသင်္ကြန်အကြတ်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းတစ်လျှောက် ရေပက်သူများ၊ ရေပက်ခံမော်တော်ယာဉ်များကို တွေ့ရစဉ်၊** (သတင်းစဉ်)

**သင်္ကြန်ကျချိန်သည် ပူအိုက်သောအချိန်ဖြစ်သဖြင့် အေးမြစေရန် စေတနာဖြင့် ရေပက်ဖျန်းခြင်းဖြစ်သည်။ တစ်ဖက်သားအား နစ်နာစေရန်၊ အရှက်တကွဲအကျိုးနည်းစေရန်၊ကာယိန္ဒြေပျက်စေရန် ရေပက်ခြင်းမဟုတ်ပေ။**

သင်္ကြန်နှင့် သက္ကရာဇ်ဝေါဟာရသည် တွဲစပ်နေသည်။ ကမ္ဘာဦးကာလတွင် ဗြဟ္မာမှ လူသားတို့ ဖြစ်ထွန်းပေါ်ပေါက်လာသည်။ လူ့ဘောင် လူ့လောကနှင့်အတူ နေ၊ လ၊ နက္ခတ်၊ ကြယ်တာရာများလည်း ဖြစ်ပေါ်၍ နေ့အချိန်နှင့်ညဥ့်အချိန်လည်းဖြစ်ပေါ်ခဲ့သည်။ ပူသောရာသီ၊ အေးသောရာသီများလည်းဖြစ်လာသည်။ ထိုအခါသက္ကရာဇာခေါ် သိကြားမင်းက လူ့ပြည်သို့ ဆင်းသက်၍ ခု၊ နှစ်၊ လ၊ ရက်စသည်တို့ကိုစီစဉ်သတ်မှတ်ပေးသည်။ သိကြားမင်း၏ အစီအစဉ် ဖြစ်သဖြင့် သိကြားမင်း၏အမည် သက္ကရာဇာကို အစွဲပြု၍ သက္ကရာဇ်ဟု ရေးသားသုံးစွဲခေါ်ဝေါ် ကြသည်ဟု ဆိုပါသည်။

သင်္ကြန်စာသည် ရှေးပဒေသရာဇ်ခေတ်မှသည် ယနေ့ထက်တိုင် ထုတ်ဝေနေသည်ကို တွေ့ရှိကြရသည်။ ဗေဒင်ပညာရှိများက ဗေဒင်ကျမ်းများအရ တွက်ချက်၍ သင်္ကြန်စာထုတ်ဝေခြင်းဖြစ်သည်။ သင်္ကြန်စာတွင် လာမည့် နှစ်သစ်အတွက် ရာသီဥတု၊ မိုးလေဝသအခြေအနေ၊ ကောက်ပဲသီးနှံအတိုး အဆုတ်၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေများပါရှိသည်။ ရှေးခေတ်အခါက စိုက်ပျိုးရေးပညာ၊ မိုးလေဝသပညာများ ခေတ်မီထွန်းကားခြင်း မရှိသေးသဖြင့် သင်္ကြန်စာသည် တောင်သူလယ်သမားတို့ အားထားရာဖြစ်သည်။ မည်သည့်နေ့ရက်အချိန်နာရီတွင် နေကြတ်မည်၊ လကြတ်မည်ကို ကြိုတင် ဟောပြောချက်များ မှန်ကန်သဖြင့် သင်္ကြန်စာသည် အရေးပါနေဆဲဖြစ်သည်။

ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ်(ခရစ်နှစ် ၁၁၉၁)တွင် ပုဂံမြို့ စောလှုဝန်းဘုရား၌ ရေးထိုးထားသော ကျောက်စာတွင် **“သင်္ကြန်၊ မီးဖုန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြတ်စိယ်လျှင်တည်း၏”**ဟူသော ရာသီပွဲတော်ဝေါဟာရများကို တွေ့ရှိရသဖြင့် ပုဂံခေတ်တွင် သင်္ကြန်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဟု ယူဆရပါသည်။

သင်္ကြန်စာတွင် နတ်သမီးခုနစ်ဖော်က ဗြဟ္မာကြီးဦးခေါင်းကို ပွေ့ပိုက်ထားပုံပါရှိသည်။ ကမ္ဘာဦးအခါက သိကြားမင်းနှင့် အာသီအမည်ရှိသော ဗြဟ္မာမင်းတို့သည် ဗေဒင်ဆိုင်ရာ ပြဿနာတစ်ရပ်နှင့် ပတ်သက်၍ အငြင်းပွားကြသည်။ ထိုပြဿနာကို ကဝိလမိုင်းအမည်ရှိ ဗေဒင်ဆရာကြီးထံတွင် အဆုံးအဖြတ်ခံယူရန်နှင့် နိုင်သူက ရှုံးသူ၏ ဦးခေါင်းကိုဖြတ်ရန် သဘောတူညီ ကတိပြုကြသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးသည်။ ထိုအခါ ဗြဟ္မာမင်းသည် အဓိဋ္ဌာန်ပြုကာ သူ၏ ဦးခေါင်းကိုပြတ်စေသည်။

ထိုဗြဟ္မာမင်းဦးခေါင်းကို ပင်လယ်သမုဒ္ဒရာအတွင်း ပစ်ချပါကလည်း ရေများခန်းခြောက်သွားမည်။ မြေပြင်ပေါ်သို့ ပစ်ချပါကလည်း မီးဟုန်းဟုန်းတောက်လောင်မည်ဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ⇨

(16-4)06.P65 1 1/2/32, 4:09 PM



မဟာသင်္ကြန်အကျနေ့က မန္တလေးမြို့ ကျုံးတောင်ဘက်ရှိ ရေကစားမဏ္ဍပ်တွင် အနုပညာရှင်များ ဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

# မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကျနေ့ သင်္ကြန်ချစ်သူ ပြည်သူများ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

**မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့ဖြစ်သော ဧပြီ ၁၄ ရက်တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မင်္ဂလာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည့်အပြင် ဗုဒ္ဓဘာသာဝင်ပြည်သူများသည် မိမိတို့ မိဘဆွေမျိုး၊ သက်ကြီးရွယ်အိုနှင့် ဆရာသမားများအား လှူဒါန်းကန်တော့ခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ ဘုရားပုထိုးစေတီများတွင် ရေသပ္ပာယ်ခြင်း စသည်တို့ဖြင့် မိမိတို့မြို့နယ်၊ ရပ်ကွက်အသီးသီးရှိမွှာရုံများ၊ ရိပ်သာများ၊ ဘုရားကျောင်းကန်များတွင် ဥပုသ်သီတင်း သီလ စောင့်တည်ကြကာ ဒါနသီလဘာဝနာ တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်းအစရှိသည့် လောကုတ္တရာ မင်္ဂလာကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။**

ထို့ပြင် သင်္ကြန်ပွဲတော် မတိုင်မီကပင် စုပေါင်းရဟန်းခံ၊ရှင်ပြု၊ သီလရှင်ဝတ် အလှူမင်္ဂလာပွဲများကို ကျင်းပကြရာ မန်းတောင်ခြေရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာတရားစခန်း၊ ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာ၊ စွန်းလွန်း ဝိပဿနာနှင့် ဝါခင်းကုန်းဆရာတော်ဘဒ္ဒန္တတိက္ခ၏ တရားစခန်းတို့၌ ယခုနှစ်တွင် တရားစခန်းဝင်သူများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။

မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများ၏ ရေကစားမဏ္ဍပ်များတွင် ရေကစားကြရာ ကျုံးတော်ကြီးပတ်ပတ်လည် လမ်းတစ်လျှောက်တို့တွင် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ ကော်မတီအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များနှင့် သင်္ကြန်လုပ်ပျိုဖြူများ၏ အဆို၊ အက၊ အလှများဖြင့် ဧည့်ခံဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးသည်။

သင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှ ညပိုင်းထိ မန္တလေးကျုံးတောင်ဘက်၊ အနောက်ဘက်နှင့် ကျုံးအရှေ့ဘက်တို့၌ မြို့တော်ဝန် ရေကစားမဏ္ဍပ်ဌာနဆိုင်ရာ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ ရေကစားမဏ္ဍပ်တို့တွင် အတာရေသဘင် ဆင်နွှဲသူများဖြင့် တိုးမပေါက်အောင် စည်ကားသည်ကို တွေ့ရသည်။

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုကော်မတီက ကြီးမှူး၍ အလှပြယာဉ်၊ အလှပြမဏ္ဍပ်များ အကဲဖြတ်ရေး ကော်မတီက ပြိုင်ပွဲဝင် အလှပြယာဉ်များနှင့် အလှပြမဏ္ဍပ်များကို သင်္ကြန်အကြိုနေ့မှစတင်၍ အကဲဖြတ် စိစစ်လျက်ရှိပြီး ပြန်ကြားရေးသတင်းနှင့် ဓာတ်ပုံပြိုင်ပွဲ စိစစ်ရေး လုပ်ငန်းကော်မတီကလည်း ဓာတ်ပုံပြိုင်ပွဲ ကျင်းပပေးမည်ဖြစ်သဖြင့်ဓာတ်ပုံပညာရှင်ဝါသနာရှင်များလည်း ပြိုင်ပွဲဝင် ဓာတ်ပုံများကို အပြိုင်အဆိုင်ရိုက်ကူးလျက်ရှိကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်က အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိပြီး သင်္ကြန်လုပ်ပျိုဖြူများက မန်းစည်ပင်တေးဂီတအဖွဲ့နှင့်အတူ အဆို၊အတီး၊ အကများဖြင့်ဧည့်ခံဖျော်ဖြေ၍ ရန်ကုန်မြို့မှ ရုပ်ရှင်အမေများအဖွဲ့က အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အနုပညာရှင်၊ အဆိုတော်တို့ကလည်း သင်္ကြန်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များကိုကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြို့တော်ဝန်၏ ဇနီးက အဆိုအကတို့ဖြင့် ဖျော်ဖြေပေးခဲ့ကြသော အနုပညာရှင်များအား ဆုငွေများ ဂုဏ်ပြုချီးမြှင့်ပြီး မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့၌ အားပေးကြည့်ရှုကြသည့် သင်္ကြန်ချစ်သူ ပရိသတ်များ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၁၃၆၈ခုနှစ် တောင်ကြီးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၅

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၏ ၁၃၆၈ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီတွင် တောင်ကြီးမြို့ မြို့မဈေးကြီးအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်ရပ်ကွက်အသီးသီးမှ ယိမ်းအဖွဲ့များ၊ တောင်ကြီး၊ လွိုင်လင်၊လင်းခေးခရိုင်များမှ အလှပြယာဉ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်နှင့် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းကို သံပြိုင်သီဆိုပြီး စုပေါင်း ယိမ်းအကဖြင့် ကပြကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက သင်္ကြန်တေးသီချင်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန ကလေးငယ်များက ယိမ်းအကတို့ဖြင့် ဖျော်ဖြေမှုများအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး အဖွဲ့ဝင်များသည် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၏ ရေကစားမဏ္ဍပ်၊ တောင်ကြီးရေကစားမဏ္ဍပ်၊ ရွှေနေကြာ ရေကစားမဏ္ဍပ်၊ ရွှေအိပ်မက်ရေကစားမဏ္ဍပ်နှင့်ပိတောက်ချယ်ရီ ရေကစားမဏ္ဍပ်များသို့ သွားရောက်ကာ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး မဟာသင်္ကြန်ရေများ သွန်းလောင်း ပက်ဖျန်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၆-၄-၂၀၀၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၆။ အရာတော်ရေလောင်းတမံ
၈:၂၀ ၇။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ ခါသင်္ကြန်အဆိုအကများ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ခါသင်္ကြန်အဆိုအကများ
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၅:၀၅ ၆။ **"လေှကားသုံးထစ် ဆင်းတဲ့အခါ"** (အရိုင်း၊ မင်းသူ၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၅:၁၅ ၇။ ခါသင်္ကြန်အဆိုအကများ
၅:၂၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၃၅ ၉။ ချစ်စရာ့တာသင်္ကြန်
၆:၀၀ ၁၀။ ညနေခင်းသတင်းများ
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ မြန်မာမှုပန်းဆယ်မျိုး(ပန်းရန်)
၆:၄၅ ၁၃။ ခါသင်္ကြန်အဆိုအကများ
၇:၀၀ ၁၄။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၄)
၇:၁၅ ၁၅။ ခါသင်္ကြန်အဆိုအကများ
၇:၃၀ ၁၆။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဖယောင်းတိုင်" (အပိုင်း-၂) (မင်းမော်ကွန်း၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းမဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ



**ပျော်ရွှင်စွာ ရေကစား**

မဟာသင်္ကြန်အကြတ်နေ့က အနော်ရထာလမ်းရှိ မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)

# (၄၉)ကြိမ်မြောက် သင်္ကြန်ရွှေဖလားနှင့် KM Golf Open Championship ပြိုင်ပွဲ တတိယနေ့ကျင်းပ

နေပြည်တော် ဧပြီ ၁၅

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူးကျင်းပသော (၄၉)ကြိမ်မြောက် သင်္ကြန်ရွှေဖလားနှင့် KM Golf Open Championship ပြိုင်ပွဲ တတိယနေ့ကို ဧပြီ ၁၄ရက်တွင် ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

တတိယနေ့အပြီး Professional ပြိုင်ပွဲတွင် စိုးကျော်နိုင်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၀-၇၃-၇၂ စုစုပေါင်း ၂၁၅ချက်ဖြင့် ပြိုင်ပွဲကို ဦးဆောင်ကစားလျက်ရှိသည်။ ကျော်စွာလင်း Srixon နှင့် သိန်းဇော်မြင့်(KM)တို့က စုစုပေါင်းရိုက်ချက် ၂၂၀ ဖြင့် ဒုတိယ ပူးတွဲလိုက်နေကြသည်။

Amateur ပြိုင်ပွဲတွင် အောင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁-၇၁-၇၃ စုစုပေါင်း ၂၁၅ ချက်ဖြင့် ပြိုင်ပွဲကို ဦးဆောင်ကစားလျက်ရှိသည်။ သန်းနိုင်ဦးက ၇၂-၇၆-၇၈ စုစုပေါင်း ၂၂၆ချက်ဖြင့် ဒုတိယ၊ အောင်လင်းဦးက ၇၈-၇၂-၈၀ စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် တတိယလိုက်နေသည်။

ရွှေအဆင့်အသင်းလိုက်ပြိုင်ပွဲတွင် သစ်တောရေးရာအသင်းက ၂၁၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ပြင်ဦးလွင်(A)အသင်းက ၂၂၇ချက်ဖြင့် ဒုတိယလိုက်နေသည်။

ငွေအဆင့်အသင်းလိုက်ပြိုင်ပွဲတွင် အောင်တံခွန်(ချောက်)အသင်းက ၄၇၂ချက်ဖြင့် ပထမရရှိသွားသည်။ လားရှိုး(A)အသင်းက ၄၇၄ချက်ဖြင့် ဒုတိယ၊ မြစ်ကြီးနားအသင်းက ၄၉၂ချက်ဖြင့် တတိယရရှိသွားသည်။ ဤပြိုင်ပွဲကို KM golf centre က အဓိကပံ့ပိုးကူညီပြီး Air Bagan၊ Myanmar Treasure Resort၊ Heather gate၊ AK group၊ KBZ Bank၊ Hotel Pyin Oo Lwin၊ MGA၊ Han-Golf Master, Tourstage၊ Bridgestone Golf, Maruman နှင့် Alpine သောက်ရေသန့်တို့က ပံ့ပိုးကူညီကြသည်။ (သတင်းစဉ်)

# ကြီန်ပွဲတော်အကျနေ့ အညီ ပျော်ရွှင်စွာဆင်နွှဲ

**သကြီန်အကျနေ့ဖြစ်သော ဧပြီ ၁၄ ရက်တွင် မ်းပျော်ရွှင်စွာ ဆင်နွှဲကြသည့်အပြင် ဗုဒ္ဓဘာသာ ခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ ဘုရား ရိပ်သာများ၊ ဘုရားကျောင်းကန်များတွင် ဥပုသ် ့ လောကုတ္တရာ မင်္ဂလာကုသိုလ်ကောင်းမှုများကို**

သဉ်ကျေးမှု
ကော်မတီ
၊ အလုပြ
ကော်မတီ
ဉ်များနှင့်
ကြီန်အကြို
ဓိစစ်လျက်
နှင့် ခတ်ပုံ
ကော်မတီက
ပပေးမည်
ါသနာရှင်
ပုံများကို
ကြသည်။
့တော်ဝန်
လုပြယာဉ်
လျက်ရှိပြီး
န်းစည်ပင်
ဆို၊အတီး၊

အကများဖြင့်ဧည့်ခံဖျော်ဖြေ၍ ရန်ကုန်မြို့မှ ရုပ်ရှင်အမေများအဖွဲ့က အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အနုပညာရှင်၊ အဆိုတော်တို့ကလည်း သကြီန်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီးဒေါ်မိုးသီတာနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြို့တော်ဝန်၏ ဇနီးက အဆိုအကတို့ဖြင့် ဖျော်ဖြေပေးခဲ့ကြသော အနုပညာရှင်များအား ဆုငွေများ ဂုဏ်ပြုချီးမြှင့်ပြီး မြို့တော်ဝန် မဟာသကြီန်မဏ္ဍပ်ရှေ့၌ အားပေးကြည့်ရှုကြသည့် သကြီန်ချစ်သူ ပရိသတ်များ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**...စု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစား** (သတင်းစဉ်)

## ...nip ပြိုင်ပွဲ တတိယနေ့ကျင်းပ

**...သားနှင့် KM Golf Open Championship**

...စ်တောရေးရာအသင်းက ၂၁၉ ချက်ဖြင့် ဦးဆောင် ...၂၂၇ချက်ဖြင့် ဒုတိယလိုက်နေသည်။ ...အောင်တံခွန်(ချောက်)အသင်းက ၄၇၂ချက်ဖြင့် ... ၄၇၄ချက်ဖြင့် ဒုတိယ၊ မြစ်ကြီးနားအသင်းက ...ပွဲကို KM golf centre က အဓိကပံ့ပိုးကူညီပြီး ...t၊ Heather gate၊AK group၊ KBZ Bank၊ ...lf Master, Tourstage၊ Bridgestone Golf, ...က ပံ့ပိုးကူညီကြသည်။ (သတင်းစဉ်)

# လမြတ်တန်ခူး မြူးထူးပျော်ရွှင် တာသဘင်



## နန်းမြို့သူမဏ္ဍပ်

**မဟာသကြီန်အကျနေ့က မန္တလေးမြို့ ကျုံးတောင်ဘက်ရှိ နန်းမြို့သူမဏ္ဍပ်တွင် ယိမ်းအကများဖြင့် ဖျော်ဖြေစဉ်။** (သတင်းစဉ်)



**မဟာသကြီန် အကျနေ့က မန္တလေးမြို့ နန်းမြို့သူမဏ္ဍပ်တွင် ရေပက်သူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

**မဟာသကြီန်အကျနေ့က မန္တလေးမြို့ ကျုံးအနောက်ဘက်ရှိ ရေကစားမဏ္ဍပ်တွင် ရေပက်သူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)





**မဟာသကြီန်အကျနေ့က မန္တလေးမြို့ ကျုံးတောင်ဘက်ရှိ ရေကစားမဏ္ဍပ်တွင် ရေပက်သူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

## သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစား မဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သကြီန်ရေပက်ကစားခြင်းအား သကြီန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်**
**ဖွံ့ဖြိုးရေးကောင်စီ**



# မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့တွင် အေးချမ်းပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ရေကစားကြသူ သင်္ကြန်ချစ်သူပြည်သူများဖြင့် ရန်ကုန်မြို့တော်တွင် အထူးစည်ကား

ရန်ကုန် ဧပြီ ၁၅

**ယနေ့သည် မြန်မာတို့၏ ၁၂လ ရာသီ ပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ကာလ၏ အကြတ်နေ့ဖြစ်သည်။**

မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာယဉ်ကျေးမှု ပွဲတော် ဖြစ်သည်နှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲကြသော ပွဲတော်ကြီးဖြစ်သကဲ့သို့ ကမ္ဘာလှည့် ခရီးသည်များလည်း တပျော်တပါး ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

ထို့အပြင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီက ကြီးမှူး၍ အဘိုးအဘွားများက နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် သီရိစန္ဒာ ကျောင်းတိုက်မှ ဆရာတော် သံဃာတော် ၄၅ပါးတို့အား နေ့ဆွမ်းများ ဆက်ကပ်လောင်းလှူကြသည်။

## ဘိုးဘွားများအားလှူဒါန်း

အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက မဟာသင်္ကြန်ရက်အတွင်း (၁၆)ကြိမ်မြောက်အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား နေ့စဉ်ကျွေးမွေး လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် သီရိရတနာ ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများနှင့် ဧည့်ပရိသတ်များက ဗဟန်းမြို့နယ် သီရိစန္ဒာကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း ဝန်ထမ်းမိသားစုများက နှင်းဆီကုန်း ဘိုးဘွား ရိပ်သာရှိ အဘိုး ၁၀၀နှင့် အဘွား ၁၄၀ တို့အား တစ်နေ့တာ အာဟာရကျွေးမွေးလှူဒါန်းကြသည်။

ထို့အပြင် အလှူရှင်များကလည်း သင်္ကြန်ကာလအတွင်း နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဆွမ်းပဒေသာ ပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံ ပဒေသာပင်နှင့် အထွေထွေပဒေသာပင်တို့အတွက် သဒ္ဓါကြည်ဖြူစွာဖြင့် အလှူငွေများ နေ့စဉ်လှူဒါန်းလျက်ရှိကြသည်။

## ရခိုင်ရိုးရာသင်္ကြန်

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ကကြီးမှူးကျင်းပ သည့် ၂၀၀၇ခုနှစ် စတုတ္ထအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို လည်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်း သင်ကွင်း၌ ယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သို့ ပွဲတော်ကျင်းပရေး နာယက အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် ရန်ကုန်မြို့ရှိ ရခိုင် ပြည်နယ်မြို့နယ်များမှ လူမှုရေးအသင်း ရေလောင်းမဏ္ဍပ် ၁၄ခုတို့မှ လုပျိုဖြူများက မဏ္ဍပ်အသီးသီးသို့ လာရောက် ရေကစားကြသူများနှင့်အတူ လောင်းလှေကြီးများဖြင့် ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်အတွင်း ဗဟိုမဏ္ဍပ်၌ အဆိုအက ဖျော်ဖြေမှုများ၊ ရခိုင်သင်္ကြန်အထိမ်းအမှတ် လက်ဆောင် ပစ္စည်း အရောင်းဆိုင်များနှင့် ရခိုင်ရိုးရာ စားသောက်ဆိုင် များကို ဖွင့်လှစ်ထားရာ သင်္ကြန်ပွဲတော်လာပြည်သူများ ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြသည်။

## ဖျော်ဖြေ

ယနေ့သည် မဟာသင်္ကြန်အကြတ်နေ့ ဖြစ်သည့် အားလျော်စွာ ရေပက်ခံကားများ အထူးများပြားရာ ရေကစား



**မဟာသင်္ကြန်အကြတ်နေ့က မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း ဝန်ထမ်းမိသားစုများက နှင်းဆီကုန်း ဘိုးဘွား ရိပ်သာရှိ အဘိုး၊ အဘွားများအား တစ်နေ့တာ ကျွေးမွေး လှူဒါန်းစဉ်။** (သတင်းစဉ်)



**မဟာသင်္ကြန်အကြတ်နေ့က ရခိုင်ရိုးရာသင်္ကြန် ပွဲတော်ကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ယာဉ်မောင်း သင်ကွင်း၌ ကျင်းပစဉ်။** (သတင်းစဉ်)

မဏ္ဍပ်များကလည်း ဖျော်ဖြေမှုနှင့် တွဲဖက်၍ ရေပက်ကစား ကြပြီး စတုဒိသာများ ကျွေးမွေးလှူဒါန်းကြခြင်းဖြင့် ဒါနက တဝေဝေ ရေတွေကတရွှဲရွှဲဆိုသကဲ့သို့ သင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် ဆင်နွှဲကြသည်။

## ပျော်ရွှင်စွာရေကစား

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း တစ်လျှောက်၌လည်း Tong Tah Company Limited မိသားစုမဏ္ဍပ်၌ ပျော်ရွှင်စွာရေပက်ကစားကြပြီး ပိတောက် ရွှေရည် ရေကစားမဏ္ဍပ်၌ နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်မှ လုပျိုဖြူများက သင်္ကြန်ယိမ်း အကများဖြင့် တွဲဖက်၍ ပျော်ရွှင်စွာရေကစားကြသည်။

## သီဆိုဖျော်ဖြေ

ထို့အတူ လသာမြို့နယ် ၁၉ လမ်းနှင့် အနော်ရထာ လမ်းထောင့်ရှိ Valiant မိသားစုရေကစားမဏ္ဍပ်၌ Dream Melody တေးဂီတနှင့်တွဲဖက်၍ မျိုးကျော့မြိုင်၊ ဘရိတ်ကီ၊ ဘိုဖြူ၊ သားစိုး(DJ)၊ မေခလာ၊ ရွှေထိုက်၊ ဂန္ဓဝင် အစရှိသည့် တေးသံရှင်များက သီဆိုဖျော်ဖြေကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ၏ မမများ အဖွဲ့ကလည်း အကပဒေသာများဖြင့် ဖျော်ဖြေ၍ စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ လမ်းတစ်လျှောက် ရေပက်ခံကားများ၊ ပရိသတ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ လသာမြို့နယ် အနော်ရထာလမ်း ဗိုလ်ရှဲ လမ်းထိပ်ရှိ (၈)ရပ်ကွက် မိသားစု မောင်မောင်ထွန်း အီလက် ထရွန်နစ်ရေကစားမဏ္ဍပ်၊ ဗိုလ်တထောင်မြို့နယ် အနော် ရထာလမ်း ၄၈ လမ်း Dandaryi Travel & Tours Co.,Ltd မိသားစုရေကစားမဏ္ဍပ်တို့၌လည်း ရေပက်ခံ ကားများ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

အလားတူ အင်းလျားလမ်းတစ်လျှောက် ရန်ကင်း မြို့နယ် ၁၂လုံးတန်း၊ အမှတ်(၁)စက်မှုလမ်း၊ ဦးချစ်မောင်လမ်း၊ အနောက် မြင်းပြိုင်ကွင်းလမ်း၊ ကန်တော်ကြီးပတ်လမ်း တစ်လျှောက်၊ ရန်ကုန်-ပြည်လမ်းတစ်လျှောက်၊ ရန်ကုန်- အင်းစိန်လမ်းတစ်လျှောက်နှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ကမ်းနားလမ်း တစ်လျှောက်ရှိ ရေကစားမဏ္ဍပ်ကြီးငယ်များ၌ ပျော်ရွှင်စွာ ရေပက်ကစားကြရာ အတာသင်္ကြန် အကြတ် နေ့သည် နံနက်ပိုင်းမှ ညနေပိုင်းထိ အထူး စည်ကားလျက် ရှိသည်။

## စည်ကား

မဟာသင်္ကြန်အကြတ်နေ့တွင် မော်တော်ယာဉ်များဖြင့် လှည့်လည်၍ရေပက်ခံရေကစားကြသူများဖြင့်မြို့တော်တစ်ခွင် ၌ စည်ကားများပြားလျက်ရှိသကဲ့သို့ မြို့နယ် အသီးသီးရှိ လမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း အနေးယာဉ်များ စီးနင်း၍ ရေပက်ခံရေကစားကြသူများ၊ ခြေကျင်လျှောက်၍ ရေပက်ခံရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရေပက်ခံရေကစားကြသူများသည် နံနက်ပိုင်းမှ စတင်၍ မွန်းတည့်အထိ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍



**မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့များ ခါသင်္ကြန် အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။** (မြို့တော်စည်ပင်)

**မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ ဦးဝိစာရ လမ်းရှိ မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာရေပက် ကစားကြစဉ်။** (သတင်းစဉ်)



# ပုသိမ်မြို့ လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော် မုခ်ဦးနှင့်တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၅**

**ဧရာဝတီတိုင်း ပုသိမ်မြို့ လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော်မုခ်ဦးနှင့် တံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၈ နာရီက အဆိုပါစေတီမုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် ရွှေပုသိမ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးထွန်းအေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စေတီတော်အဝင်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရေများဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါ ပုသိမ်မြို့ ကျက်သရေဆောင် သမိုင်းဝင် လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော်သို့ ဘုရားဖူးများ လွယ်လင့်တကူ ဖူးမြော်နိုင်ရန်အတွက် အလှူရှင် ရွှေပုသိမ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအေးနှင့် ဒေါ်ကေသွယ်ဝင်းမိသားစုတို့က မုခ်ဦးနဖူးစည်းအရှည် ၁၃ ပေ၊ ငါးလက်မ၊ မုခ်ဦးနဖူးစည်း အကျယ် ၁၂ ပေ၊ ငါးလက်မရှိ မုခ်ဦးနှင့် အရှည် ၄၂ ပေ၊ ဘယ်/ညာ လူသွားလမ်း လေးပေ၊ စကြံ အပါအဝင် အကျယ်ပေ ၂၀ ရှိ တံတားကို ကုန်ကျငွေကျပ် ၁၈၆ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မဟာသင်္ကြန် အကြတ်နေ့က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့်ဆီကုန်း ဘိုးဘွားရိပ်သာရှေ့ရှိ Tiens မိသားစု၏ ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြသည်ကို တွေ့ရစဉ်။** (ကြေးမုံ)

❍ စာမျက်နှာ ၁၀ မှအဆက်

မြူးထူးပျော်ရွှင်စွာ ရေကစားကြပြီး မွန်းလွဲပိုင်းတွင် ကန်တော်ကြီး သဘာဝဥယျာဉ်၊ ဗိုလ်ချုပ်ပန်းခြံ၊ အင်းလျားကန်ပေါင်၊ မြကျွန်းသာ၊ ပြည်သူ့ဥယျာဉ်၊ ရန်ကုန် တိရစ္ဆာန်ဥယျာဉ် စသည့် အပန်းဖြေစခန်းများနှင့် အပန်းဖြေပန်းခြံများ၌ ခေတ္တအေးရိပ်ခိုလှုံ အပန်းဖြေ နားနေကြသည်ကိုလည်း ပျော်ရွှင်ကြည်နူးဖွယ် တွေ့မြင်ရပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ဓလေ့ထုံးစံအရ ပျော်ရွှင်စွာ ရေကစားကြသကဲ့သို့ ကုသိုလ်ကောင်းမှု ပြုသူများကလည်း ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ သန့်ရှင်းရေးများပြုလုပ်ခြင်း၊ ရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ ဇီဝိတဒါနအဖြစ် သတ္တဝါများကို ဘေးမဲ့လွှတ်ပေးခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိကြသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ရာ မြင်ကွင်းများပင်ဖြစ်သည်။

နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်ချစ်သူပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အေးချမ်း ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ရေကစားနိုင်ရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် တာဝန်ရှိအဖွဲ့အစည်းများက အစီအမံများ ချမှတ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရေကစားမဏ္ဍပ်များနှင့် ရန်ကုန်မြို့တွင်း မြို့ပြင်လမ်းများ တစ်လျှောက်၌ မဟာသင်္ကြန် ကာလအတွင်း မလိုလားအပ်မှုများ မဖြစ်ပေါ်စေရေး၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲနိုင်ရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မဟာသင်္ကြန် အကြတ်နေ့က အင်းလျားလမ်း၌ ရေပက်ခံကားများ၊ ရေပက်ခံသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-စိုးညွန့်၊ ကြေးမုံ)



**ဧပြီ ၁၅ ရက် မဟာသင်္ကြန် အကြတ်နေ့က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းပေါ်ရှိ ရေကစားမဏ္ဍပ်တစ်ခုတွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။** (ကြေးမုံ)

## လယ်တီ ဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း

**ရန်ကုန် ဧပြီ ၁၅**

လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒအရ မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း ၁၀၀ ကျော်ရေးသားခဲ့သည့် ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ကြီးအားထုတ်၊ ရေးသား၊ ဟောကြားပြသခဲ့သော "လယ်တီဝိပဿနာ"ပြန့်ပွားစေရန် ရည်သန်လျက် လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်က ကျင်းပသော တတိယအကြိမ် လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်းကို ၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ၃၀-၄-၂၀၀၇ (တနင်္လာနေ့)မှ (ကဆုန်လကွယ်) ၁၅-၅-၂၀၀၇ (အင်္ဂါနေ့)အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့သစ် အောင်သပြေစခန်း၊ စဥ့်ဟယ်ကျေးရွာ၊ အောင်သပြေစွယ်တော် ကမ္မဋ္ဌာန်းကျောင်းတိုက်၌ စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ပထမကြီးတန်းအောင် ရဟန်းတော်များနှင့် စိတ်ပါဝင်စားသော ကျောင်းထိုင် ဆရာတော်များ တက်ရောက် အားထုတ်သင်ကြားနိုင်ကြောင်းနှင့် ဖုန်း- ဝ၈၁-၂၇၆၈၁(စွယ်တော်)၊ ဝ၆၇-၂၂၁၂၈၊ ၂၂၉၀၀ (မဟာလယ်တီနေပြည်တော်)၊ ဝ၁-၆၅၁ဝ၆၄၊ ၆၆ဝ၇၉၈ (နာဂလိုဏ်ဂူကလေးဝတောရ) ဝ၁-၅၃၄၃၂၉ သို့ (လယ်တီစမ်းချောင်း) ဝ၇၁-၂၂၉၃၈(မုံရွာဗိမာန်) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ယနေ့မိုးလေဝသ

**နေပြည်တော်**

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**



**ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တက္ကသိုလ်ရိပ်သာလမ်းတွင် ရေပက်ခံသူများ၊ ရေပက်သူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

## မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲ

# ရွှေနေချုပ် ဦးအေးမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် 　 ဧပြီ 　 ၁၅**

ရှေ့နေချုပ် ဦးအေးမောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့၌ ဧပြီ ၁၀ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့သည့် "စတုတ္ထအကြိမ်မြောက် တရုတ်–အာဆီယံ ရှေ့နေချုပ်များအစည်းအဝေး"သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ရှေ့နေချုပ် ဦးအေးမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရုံးအဖွဲ့မှူး ဦးဝိရူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

ရှေ့နေချုပ်ဦးအေးမောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးတီခွန်မြတ်၊ ဒုတိယညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးဇော်လင်းမောင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

## အင်တာနက် အဏ္ဏဝါဇီဝ သတင်း

## ပင်လယ်လိပ်များရေကူးပြိုင်ပွဲ အင်တာနက်မှ ကြည့်ရှုနိုင်

**သုတေသီများက ပင်လယ်လိပ်ကြီးတစ်ကောင်ကို ပင်လယ်အတွင်းမလွှတ်မီ ဂြိုဟ်တုဆက်သွယ်ရေး မိုက္ကရိုချစ်ကိရိယာ တပ်ဆင်ပေးစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*



**ဆန်ဟိုဆေး ဧပြီ ၁၅**

လယ်သာဘက်ခ် အမျိုးအစား ပင်လယ်လိပ်ကြီး ၁၁ ကောင်သည် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်း၍ အပြိုင်အဆိုင် ရေကူးလာပုံကို အင်တာနက်မှတစ်ဆင့် လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ကော်စတာရီကာနိုင်ငံ ဆန်ဟိုဆေးမြို့မှ ဧပြီ ၁၄ရက်တွင် ပေးပို့သော ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မျိုးသုဉ်းလုနီးပါး အခြေအနေဆိုက်ရောက်နေသော အဆိုပါ ပင်လယ်လိပ်ကြီးများ၏ ဖြစ်အင်ကို ကမ္ဘာ့ပြည်သူ ပြည်သားများ အလေးမူလာစေရန် ရည်ရွယ်လျက် စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသီ ဂျော့ဂျ်ရှီလင်ဂျာက ကမ္ဘာ့ပင်လယ်လိပ်များနှင့် သက်ဆိုင်နေသော အင်တာနက် ဝက်ဘ်ဆိုက်တစ်ခုကို ဖွင့်လှစ်ထားပြီ ဖြစ်သည်။

ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများတွင် ပင်လယ်လိပ်များ နေထိုင်ကျက်စားလာခဲ့မှုမှာ နှစ်ပေါင်း သန်း ၁၀၀ရှိခဲ့ပြီ ဖြစ်သည်။ ပင်လယ်လိပ်များသည် သမိုင်းမတင်မီ ခေတ်ကာလကတည်းကပင် တည်ရှိခဲ့သည့် သတ္တဝါတစ်မျိုးဖြစ်ပြီး ကမ္ဘာ့ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးတွင် နိုင်ငံတကာမှ သုတေသီများက နည်းလမ်းရှာဖွေလျက်ရှိသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂလာပါဂိုကျွန်းစုရှိရာသို့ဦးတည်ကာ တစ်ကောင်နှင့်တစ်ကောင် အပြိုင်အဆိုင် ကူးခတ်လျက်ရှိသော ပင်လယ်လိပ်များကို အင်တာနက်မှတစ်ဆင့် လေ့လာကြည့်ရှုနိုင်ရန် ဝက်ဘ်ဆိုက်ဖွင့်လှစ်ထားသည်။ အင်တာနက်ကြည့်ရှုသူသည် အဆိုပါ ပင်လယ်လိပ်ကြီး ၁၁ ကောင်အနက် တစ်ကောင်၏ ကူးခတ်ရာလမ်းကြောင်းကို ဧပြီ ၁၆ရက်မှ ၂၈ရက်အထိ အချိန်နှင့် တစ်ပြေးညီ စောင့်စားကြည့်ရှုနိုင်မည်ဖြစ်သည်။

ပင်လယ်လိပ်များ၏ ရေကူးပြိုင်ပွဲကို စိတ်ဝင်စားသူများသည် www. greatturtlerace. com တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**နှိုးဆော်ထား**

အဆိုပါ ပင်လယ်လိပ်များ၏ ကျောကုန်းတွင် ဂြိုဟ်တုဆက်သွယ်ရေး ကိရိယာများတပ်ဆင်ထားပြီး ၎င်းတို့ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို စောင့်ဆိုင်းကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ယင်းပင်လယ်လိပ်များသည် ကော်စတာရီကာနိုင်ငံ ပလာရာဂရန်ဒီ ကမ်းခြေတွင် သားပေါက်ခဲ့ပြီးနောက် ၎င်းတို့ လှုပ်ရှားနေထိုင်မည့် ဂလာပါဂိုကျွန်းစုတို့ ဦးတည်သွားရောက်လျက်ရှိသည်။ ယင်းဝက်ဘ်ဆိုက်တွင် ကြည့်ရှုသူများသည် ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးအတွက် ရန်ပုံငွေများ ထည့်ဝင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။ ***အင်တာနက်***

## NLD ပါတီအပေါ် အယုံအကြည်မရှိ ပါတီလုပ်ငန်းများကို စိတ်ဝင်စားမှုမရှိ စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၂၄ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် 　 ဧပြီ 　 ၁၅**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မင်းကွန်းကျေးရွာအုပ်စု မြို့နယ်စည်းရုံးရေးမှူး ဦးအုန်းသင်၊ ရပ်/ကျေး စည်းရုံးရေးမှူး ဦးကျော်ကျော်ဦး၊ ဦးသန်းဌေး၊ ရပ်/ကျေးဥက္ကဋ္ဌ ဦးညိုစိမ့်၊ ဦးကောက်၊ ဦးဝင်း၊ ဦးစိုးတင့်၊ ဒေါ်သန်းရနှင့် ဦးကျော်သန်းတို့ အပါအဝင် ပါတီဝင် ၂၄ဦးတို့သည် မတ် ၂၃ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတစ်လျှောက်လုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)၏ တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်ကို မမြင်မတွေ့ရခြင်း၊ ခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေခြင်း၊ ဒေသဖွံ့ဖြိုးရေးကို ပါဝင်ကူညီပံ့ပိုးမှုမရှိခြင်း၊ ပါတီခေါင်းဆောင်များ အာဏာမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေခြင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ အရည်အချင်းနည်းပါးခြင်း၊ နိုင်ငံရေးအချောင်လိုက်နေခြင်းတို့ကြောင့် ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိသဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

## အင်တာနက် အားကစား သတင်းများ

## အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ မန်ချက်စတာယူနိုက်တက် အနိုင်ရ

**ဘာမင်ဂမ် ဧပြီ ၁၅**

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို စနေနေ့ကကျင်းပရာ မန်ချက်စတာယူနိုက်တက် အသင်းက ဝပ်ဒ်ဖို့ဒ်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သည်။

ယခုပွဲတွင် ဝိန်းရူနီတစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့ပြီး စီရော်နယ်လ်ဒိုနှင့် ကာရန်ရစ်ချတ်ဆန်တို့က တစ်ဂိုးစီ သွင်းပေးခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ရရှိခြင်းသည် နည်းပြဖာဂူဆန်အတွက် အောင်ပွဲဖြစ်သည်။

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသည် ဝိန်းရူနီအတွက် ယခု ဘောလုံးရာသီတွင် ၎င်း၏ စွမ်းဆောင်ရည်ကို အကောင်းဆုံးပြသနိုင်ခြင်းဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ ***အင်တာနက်***

**ဧပြီ ၁၄ ရက်က ကျင်းပသော အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် မန်ချက်စတာယူနိုက်တက်မှ ဝိန်းရူနီ(ယာ)နှင့် ဝပ်ဒ်ဖို့ဒ်အသင်းမှ တိုမီစမစ်တို့အား တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)





**ဧပြီ ၁၅ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဝီဂန်အသင်းမှ ဟက်စကီး(ရှေ့ဆုံး)နှင့် စပါးအသင်းမှ ရီကာဒိုရိုချာတို့ ဘောလုံးယှဉ်လုကြစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

## ဝီဂန်နှင့်စပါး သရေကျ အဲဗာတန်က ချာလ်တန်ကို အနိုင်ရ

**လန်ဒန် ဧပြီ ၁၅**

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို အင်္ဂလန်ဝီဂန်မြို့ရှိ ဂျေဂျေဘီကွင်းတွင် ယနေ့ကျင်းပရာ ဝီဂန်အသင်းနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ တစ်ဖက် သုံးဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ပွဲချိန် နှစ်မိနစ်တွင် ဝီဂန်အသင်းမှ အီမိုင်းလ်ဟက်စကီးက ဂိုးသွင်းခဲ့ပြီး ပွဲချိန် လေးမိနစ်တွင် ဘာဘောတော့ဗ်က ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန်မိနစ် ၃၀တွင် ဝီဂန်အသင်းမှ ဘေးနက်စ်က ဂိုးသွင်းခဲ့ပြီး ပွဲချိန် ၃၅မိနစ်တွင် ကီးယန်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းခဲ့သည်။ ဝီဂန်အသင်းမှ ကီးလ်ဘန်းက ပွဲချိန်မိနစ် ၆၀တွင် ဂိုးသွင်းနိုင်သော်လည်း စပါးအသင်း၏ ချေပဂိုးကို ပွဲချိန် ၆၈မိနစ်တွင် ကီးယန်းက သွင်းယူသည်။

**အဲဗာတန်–ချာလ်တန်**

အဲဗာတန်အသင်းနှင့် ချာလ်တန်အသင်းတို့ ဂွတ်ဒီဆန်ပါ့ခ်ကွင်းတွင် ယနေ့ ယှဉ်ပြိုင်ကစားရာ၌ အဲဗာတန်အသင်းက ချာလ်တန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၈၁မိနစ်တွင် အဲဗာတန်အသင်းမှ လက်စ်ဘော့က ဂိုးသွင်းခဲ့ပြီး ရှစ်မိနစ်အကြာတွင် ဘန့်က ချာလ်တန်အသင်းအတွက် ချေပဂိုးသွင်းယူသည်။

ပွဲချိန်မိနစ် ၉၀တွင် အဲဗာတန်အသင်းအတွက် အနိုင်ဂိုးကို မက်ဖာဒင်က သွင်းယူသည်။ ***အင်တာနက်***

## လာလီဂါဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းရှုံး

**မဒရစ် ဧပြီ ၁၅**

ရီးယဲလ်မက်ဒရစ် အသင်းသည် လာလီဂါဘောလုံးပွဲ၌ ကိုးပွဲကစားခဲ့ရာ ပထမဆုံးရှုံးနိမ့်မှုအဖြစ် စနေနေ့က ရေးဆင်းဆန်တန်ဒါ အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ အသင်းခေါင်းဆောင် ရာအူးလ်ဂွန်ဇာလက်သည် ပွဲချိန် ၁၂မိနစ်မှာပင် အစောဆုံးဂိုးသွင်းနိုင်ခဲ့သော်လည်း ရေးဆင်းအသင်းက ချေပဂိုး နှင့် အနိုင်ဂိုးတို့ကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ပွဲကစားချိန်နှောင်းပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ နောက်တန်းလူများဖြစ်သည့် အီဗန်ဟယ်ဂွာရာနှင့် အယ်လ်ဗာရိုမီဂျီယာတို့ ထုတ်ပယ်ခံခဲ့ရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ပြစ်ဒဏ်ဘောများ ပေးခဲ့ရခြင်းအတွက် အငြင်းပွားမှုများရှိခဲ့သည်။ ***အင်တာနက်***



**ဧပြီ ၁၄ရက်က စပိန်နိုင်ငံ ဆန်တန်ဒါမြို့တွင်ကျင်းပသော လာလီဂါဘောလုံးပြိုင်ပွဲ၌ ရီးယဲလ်မဒရစ်အသင်းမှ ရာအူးလ်ဂွန်ဇာလက်(ယာ)က ရေးဆင်းအသင်းမှ ဂါရေးအားဖြတ်ကျော်ရန် ကြိုးပမ်းစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# ဧရာဝတီတိုင်း မြန်မာ့ရိုးရာမုန့်ဟင်းခါးပွဲတော် ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၅

**ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ မုန့်ဟင်းခါးပွဲတော်အခမ်းအနားကို ဧပြီ ၈ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမရှေ့၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ တိုင်း စစ်ဌာနချုပ် ဦးစီးအရာရှိကြီးများနှင့်ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြသည်။**




**ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မုန့်ဟင်းခါးပွဲတော်ကို ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ရှေးဦးစွာတိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ပွဲတော်မုခ်ဦးရှေ့တွင် နေရာယူပြီး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ကပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်း ပညာရေးမှူး ဦးခင်မောင်ရီက ပြိုင်ပွဲ စည်းကမ်းချက်များနှင့် အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားကာ တိုင်းမှူးနှင့်ဇနီးတို့ အမှူးပြုသော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များက ပြိုင်ပွဲဝင်များ၏ ခင်းကျင်း ပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ ပြိုင်ပွဲ စတင်သည်နှင့် ယှဉ်ပြိုင်ချက်ပြုတ်မှုကို လည်းကောင်း ကြည့်ရှုအားပေးရာ ယှဉ်ပြိုင်နေစဉ်တွင် အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် ဆုပေးပွဲကို ကျင်းပရာ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၏ ဇနီးဒေါ်ရီရီအောင်က ဂုဏ်ပြုဆုရအသင်းများအား ဆုများပေးအပ်သည်။

၎င်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မုန့်ဟင်းခါး ပွဲတော်တွင် တတိယဆုရ လပွတ္တာမြို့နယ်၊ ဒုတိယဆုရ အင်္ဂပူမြို့နယ်၊ ပထမ ဆုရ ဓနုဖြူမြို့နယ် အသင်းများအား ဆုများပေးအပ်သည်။

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များသို့ တစ်မြို့နယ် လျှင်ကျပ်ငါးသိန်းစီဖြင့်မြို့နယ်၂၆မြို့နယ် အတွက် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ စီးပွားရေးဆိုင်ရာ မတည် ငွေများ ပေးအပ်သည်။

**ဂုဏ်ပြုငွေများပေးအပ်**

၎င်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ချို့တဲ့ ထူးချွန်ကျောင်းသူ မကွေးဆေး တက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)တွင် သင်ကြား နေသော ဓနုဖြူမြို့နယ်မှ မအေးငြိမ်း ချမ်းအား ပညာသင်ထောက်ပံ့ငွေ ကျပ်လေးသိန်းနှင့် ကပြ ဖျော်ဖြေရေး အဖွဲ့များကို ဂုဏ်ပြုငွေ များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကြီးကြပ်၍ ၂၀၀၆ခုနှစ် ကာလတွင် စီးပွားရေး ဆိုင်ရာ စွမ်းဆောင်မှုလုပ်ငန်းများအနက် အသက်မွေးဝမ်းကျောင်း ပညာရပ် သင်တန်းများအား အသင်းဝင်သင်တန်း သူများ ရွေးချယ်ကာ မြန်မာ့ရိုးရာ မုန့်ပဲသရေစာသင်တန်းများ အဓိကထား သင်ကြားပို့ချပေးရာတွင် အဆိုပါ သင်တန်းများအနက် မုန့်ဟင်းခါးချက် နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးပြီး သင်တန်းဆင်း အသင်းဝင် ချို့တဲ့နွမ်းပါးသူများကို ရင်းနှီးမတည် ငွေများပေးအပ်၍ မိသားစုဝင်ငွေတိုးပွား ရေးအတွက် ရောင်းချစေပြီး ၎င်း လုပ်ငန်းများအဖြစ် အသက်မွေးဝမ်း ကျောင်းပြုနေသူများ အတွေ့အကြုံ ဗဟုသုတရရှိစေရန် ရည်ရွယ်ကျင်းပပေး သည့် မုန့်ဟင်းခါးပွဲတော်တွင် မြို့နယ် ၂၆ မြို့နယ်မှ အသင်းများနှင့် တိုင်း ရဲတပ်ဖွဲ့၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း၊ တိုင်းအမျိုးသမီး ရေးရာ အဖွဲ့၊ တပ်နယ်တပ်ရင်းများနှင့် တိုင်းစစ်ဌာနချုပ်၊ စခန်းရုံး မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စီးပွားရေးဆိုင်ရာ မတည်ရင်းနှီးငွေ ပေးအပ်မှုမှာ ငွေကျပ် သိန်း ၁၃၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## စာအောင်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲ တန့်ယန်း၌ကျင်းပ

**တန့်ယန်း ဧပြီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲ ကျင်းပရေးမှ ကြီးမှူးကျင်းပသော(၁၃)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲ စာအောင်ဆုပေးအပ်ပွဲနှင့် ပထမကြီးတန်းအောင် ၁၂ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ဖေဖော်ဝါရီ၁၅ရက် မွန်းလွဲ၁နာရီတွင် တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇထံမှ သြဝါဒကထာ နာယူကြပြီး ပထမကြီးအောင်၁၂ပါးနှင့် စာအောင်ထူးချွန်ဆု ရှင်သာမဏေများအား ဂုဏ်ပြု ဆုနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်ကြသည်။ (မြို့နယ်ပြန်/ဆက်)

# စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေး ဟောပြော၊ အဆိုပြုလွှာ ပေးအပ်

မုံရွာ ဧပြီ ၁၅

**စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များ၏ အသိပညာပေးဟောပြောပွဲနှင့် ရာနှုန်းပြည့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက်၉နာရီတွင် မုံရွာစီးပွားရေးတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယခရိုင်တရားသူကြီး ဒေါ်စန်းစန်းသွင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ရှုဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ရဲအုပ် ရီရီသန်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာဒေါ်သန့်မွန်တို့က အသီးသီး ပညာပေးဟောပြောကြသည်။

**ပေးအပ်**

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြမြင့်သူထံ အဆိုပြုလွှာ ၈၃၈ စောင်ကို မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ မသက်မာစိုးကပေးအပ်ပြီး တိုင်းအမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အဖွဲ့ဝင်အသိအမှတ်ပြု ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပြန်လည်ပေးအပ်သည်။ (ခရိုင်ပြန်/ဆက်)




**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကိုးမိုင် ဝိဇ္ဇာလမ်းနေ ဦးခင်မောင်ဦး-ဒေါ်သန်းသန်းစော၊ သမီး ဒေါက်တာမြတ်မြတ်ဦး၊ သား ကိုကျော်ထင်ဦး မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**မန္တလေးမှီမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် သုံးခွမြို့ (၄)ရပ်ကွက် အောင်ဇေယျလမ်းနေ ဒေါ်နီ၊ သား မောင်လှဦးစိန်၊ မောင်ညွန့်ဆိုင် မိသားစုက ကျောင်းအလှူငွေကျပ် နှစ်သိန်းကို ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်ဆရာတော် (မဟာသိမ်တော်ကြီး စာချ-နာယက) ဦးဂန္ဓသာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်ကြီးအတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်းတင် အားရည်စူး၍ ဒေါက်တာသန်းညွန့်နှင့် ညီအစ်ကို မောင်နှမတစ်စုတို့က ငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးတင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆-၄-၂၀၀၇ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မြတ်ဘုရားဒေသနာဝိပဿနာ တရားတော် |
| ၅:၁၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၅:၂၀ | ၅။ | ခါသကြ်န်အဆို၊ အကများ |
| ၅:၃၀ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၈။ | နိုင်ငံတကာသတင်း |
| ၆:၁၅ | ၉။ | မိုးလေဝသသတင်း |
| ၆:၂၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၂၅ | ၁၁။ | ခါသကြ်န်အဆို၊ အကများ |
| ၆:၃၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၇)** |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၆။ | မေးမြန်းစုံစမ်း |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း-၃၅)** |
| | ၁၉။ | သင့်အတွက်မနက်ဖြန် |
| | ၂၀။ | အပိတ်နှုတ်ဆက်စကား |
| | ၂၁။ | ပြီးပါပြီ။ |

## အတာကြိုယောက် ရွှေပိတောက်

- ပြည်ရွာအနှံ့၊ သင်းပျံ့ပျံ့နှင့် ရနံ့ကဲမောက်၊ ရွှေပိတောက်တို့ ရောက်လို့လာပြီ ဒို့မြန်ပြည်။
- အတာသင်္ကြန်၊ ရှိးရာဟန်ကို မြန်မာ့ဓလေ့၊ ပြုံးပျော်မွေ့လျက် ပွေ့ပိုက်ယူလာ ပိတောက်ဝါ။
- ငုပန်း, စိန်ပန်း၊ ပျဉ်းမပန်းတို့ ပန်းပိတောက်နှင့်၊ အပြိုင်ဆင့်၍ ပွင့်ကြမပျက်၊ အလှဆက်လည်း ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး နှင့် လှမျိုးစုံစွာ၊ ပိတောက်ဝါသည် ရင်မှာကြည်နူး၊ လတန်ခူးဝယ် နှစ်ဦးကြိုဆို၊ အလှပို၏။
- တစ်နှစ်တစ်ခါ၊ ပိတောက်ဝါကို ကေသာထက်ပန်၊ ပျိုတို့ဟန်သည် ပန်ရှယ်ရည်စူး၊ ချစ်သက်ဦး၏ ကြည်နူးရေစင်၊ ဖျန်းပက်စဉ်ဝယ် ရွှင်ပျရုက်ပြုံး အလှဆုံး။
- ကြိမ်ဖန်များစွာ၊ ကြုံဆုံလာသည့် ရာသီခြိမ့်သဲ၊ အတာပွဲသည် ဆင်နွဲမြိုင်မြိုင်၊ မရိုးနိုင်ခဲ့ မြဲခိုင်ရိုးရာ၊ အစဉ်လာကို ဘယ်ခါမပျောက်၊ ရွှေပိတောက်နှင့် စောင့်ရှောက်သွားကြရဦးမည်။
- သြော်... ရုပ်နာမ်ညစ်ကြေး၊ ရေစင်အေးဖြင့် ဆေးကြောကြကာ၊ နှစ်သစ်ခါသို့ မေတ္တာတွေလောင်း၊ ညွှန်းဆုတောင်းသည် ကောင်းကျိုးဖြာဖြာ သာစေတည်း။ ။

**ထီယာ**



### ယိမ်းအကများဖြင့် ဖျော်ဖြေ

မဟာသင်္ကြန် အကျနေ့က မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ယိမ်းအကများဖြင့် ဖျော်ဖြေ ကပြကြစဉ်။ (သတင်း–ဂ) (သတင်းစဉ်)



မဟာသင်္ကြန် အကျနေ့ညက မန္တလေးမြို့တွင် ပြိုင်ပွဲဝင် အလှပြယာဉ်များဖြင့် လှည့်လည်ဖျော်ဖြေ ကပြကြစဉ်။ (သတင်း–ဂ) (သတင်းစဉ်)

## လမြတ်တန်ခူး မြူးထူးပျော်ရွှင် တာသဘင်

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး